2024 ခုနှစ်၊ မတ်လ 28 ရက်တွင် အပ်ဒိတ်လုပ်ခဲ့သည်

# ကိုယ်ရေးလုံခြုံမှု ကြေညာချက်

WD-40 Company နှင့် ၎င်း၏အဖွဲ့ဝင်များ (စုစည်း၍ "**WD-40**၊" "**ကျွန်ုပ်တို့**" နှင့် "**ကျွန်ုပ်တို့ကို**") က ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သို့မဟုတ် မိုဘိုင်းအပလီကေးရှင်းများ (တစ်ခုစီကို "**ဝက်ဘ်ဆိုက်**" နှင့် စုစည်း၍ "**ဝက်ဘ်ဆိုက်များ**") ကို သင်ဝင်ရောက်ကြည့်ရှုသည့်အခါ သို့မဟုတ် အသုံးပြုသည့်အခါ၊ ကျွန်ုပ်တို့၏ ဖောက်သည်ဝန်ဆောင်မှုအဖွဲ့ကို သင်ဆက်သွယ်သည့်အခါ၊ လူမှုကွန်ရက်ပေါ်တွင် ကျွန်ုပ်တို့နှင့် သင်ထိတွေ့သည့်အခါ၊ ကျွန်ုပ်တို့၏ ကံစမ်းမဲများ သို့မဟုတ် ပြိုင်ပွဲများ (စုစည်း၍ ကျွန်ုပ်တို့၏ "**ဝန်ဆောင်မှုများ**") တွင် သင်ပါဝင်သည့်အခါ သို့မဟုတ် အခြားတစ်နည်းအားဖြင့် ကျွန်ုပ်တို့နှင့် သင်တုံ့ပြန်ဆက်သွယ်သည့်အခါ ကိုယ်ရေးအချက်အလက်ကို စုဆောင်းပုံ၊ အသုံးပြုပုံနှင့် ကျွန်ုပ်တို့စုဆောင်းထားသော ကိုယ်ရေးအချက်အလက်ကို ထုတ်ဖော်ပုံအကြောင်း ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်တွင် ဖော်ပြထားသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်းဖြင့် သင်သည် ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်နှင့်အညီ သင့်ကိုယ်ရေးအချက်အလက်များအား စုဆောင်းမှု၊ စီမံဆောင်ရွက်မှု၊ အသုံးပြုမှုနှင့် ထုတ်ဖော်မှုတို့ကို သဘောတူရာရောက်သည်။

ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်၏ မိတ္တူကို ဒေါင်းလုဒ်လုပ်ရန် ဤနေရာကို နှိပ်ပါ။

ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်သည် အလုပ်လျှောက်ထားသူများ၊ လက်ရှိနှင့် ယခင်ဝန်ထမ်းများထံမှ အလုပ်အကိုင်နှင့်ဆက်စပ်၍ စုဆောင်းထားသည့် အချက်အလက်များအပေါ် သက်ရောက်မှုမရှိသည့်အပြင် သက်ဆိုင်လျှင် ကျွန်ုပ်တို့ထံ ဝန်ဆောင်မှုများ ပံ့ပိုးပေးသည့် လက်ရှိနှင့် ယခင်အလုပ်သမားများနှင့် ကန်ထရိုက်တာများအပေါ်လည်း သက်ရောက်မှုမရှိပါ။

ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ထားပြီး သက်ဆိုင်သော ဒေသတွင်း ဒေတာကာကွယ်ရေးဥပဒေက သတ်မှတ်ထားလျှင် ဒေသတွင်းအသုံးပြုသော ဘာသာစကားအသီးသီးသို့ ဘာသာပြန်ဆိုပေးပါသည်။ ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်၏ အင်္ဂလိပ်ဗားရှင်းနှင့် ၎င်း၏ ဘာသာပြန်ဆိုထားသောဗားရှင်းတစ်ခုခုအကြား ကွဲလွဲမှု သို့မဟုတ် မကိုက်ညီမှု ရှိခဲ့လျှင် အင်္ဂလိပ်ဗားရှင်းကို အတည်ယူပါမည်။

## မာတိကာ


1. ကျွန်ုပ်တို့စုဆောင်းသော အချက်အလက်များ
2. သင့်အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုပုံ

3. အချက်အလက်များကို မျှဝေခြင်းနှင့် ထုတ်ဖော်ခြင်း
4. ဈေးကွက်ရှာဖွေရေး ဆက်သွယ်မှုများ
5. ဘေးကင်းလုံခြုံရေး
6. ကွတ်ကီးများ၊ ခွဲခြမ်းစိတ်ဖြာမှုများနှင့် အခြားခြေရာခံနည်းပညာ
7. အခြားဝက်ဘ်ဆိုက်များနှင့်ချိတ်ထားသည့် လင့်ခ်များ
8. အချက်အလက်များကို ထိန်းသိမ်းထားခြင်း
9. ကလေးများ
10. သင့်အချက်အလက်ကို အပ်ဒိတ်လုပ်ပုံ
11. ကျွန်ုပ်တို့ကို ဆက်သွယ်ရန်
12. ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်ရှိ ပြောင်းလဲမှုများ
13. နိုင်ငံ/ဒေသ/ပြည်နယ်အလိုက် သီးခြားပြဋ္ဌာန်းချက်များ

## 1. ကျွန်ုပ်တို့စုဆောင်းသော အချက်အလက်များ

ကျွန်ုပ်တို့သည် သင်နှင့် ကျွန်ုပ်တို့၏ အပြန်အလှန်တုံ့ပြန်မှုပေါ်မူတည်၍ မတူညီသော ကိုယ်ရေးအချက်အလက် အမျိုးအစားများကို စုဆောင်းသည်။ ကျွန်ုပ်တို့ စုဆောင်းပြီး စီမံဆောင်ရွက်နိုင်သည့် ကိုယ်ရေးအချက်အလက်များ၏ အဓိကအမျိုးအစားများနှင့် ပုံစံများကို အောက်တွင်ဖော်ပြထားသည်။

- **ဆက်သွယ်ရန် အချက်အလက်များ-** သင်က ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်များတွင် အကောင့်တစ်ခု ဖွင့်သည့်အခါ၊ ကျွန်ုပ်တို့၏ သတင်းလွှာ သို့မဟုတ် မေးလ်ပို့စာရင်းအတွက် စာရင်းသွင်းသည့်အခါ၊ ပြိုင်ပွဲတစ်ခုသို့ ဝင်ရောက်သည့်အခါ၊ ပရိုမိုးရှင်းတစ်ခုကို လဲလှယ်ယူသည့်အခါ သို့မဟုတ် ကံစမ်းမဲတွင် ပါဝင်သည့်အခါ သို့မဟုတ် အခြားတစ်နည်းအားဖြင့် ကျွန်ုပ်တို့နှင့် ဆက်သွယ် သို့မဟုတ် အပြန်အလှန်တုံ့ပြန်သည့်အခါ ကျွန်ုပ်တို့သည် သင့်အမည်၊ ရာထူး၊ အီးမေးလ် လိပ်စာ၊ စာပို့လိပ်စာ၊ ဖုန်းနံပါတ်၊ မွေးနေ့၊ အလုပ်အကိုင်နှင့် ဝါသနာများကို စုဆောင်းနိုင်သည်။
- **အိုင်ဒီများ-** ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များသို့ သင်ဝင်ကြည့်သည့်အခါ စစ်မှန်ကြောင်းအတည်ပြုခြင်းနှင့် ဝင်ရောက်သုံးစွဲခွင့်အတွက် သင်၏ IP လိပ်စာ၊ အသုံးပြုသူအမည်၊ အကောင့်နံပါတ်၊ စကားဝှက်နှင့် အခြားလုံခြုံရေးအချက်အလက်များကို ကျွန်ုပ်တို့ စုဆောင်းနိုင်သည်။
- **ပထဝီတည်နေရာ ဒေတာ-** ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များသို့ သင်ဝင်ကြည့်သည့်အခါ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို သင်ဝင်ရောက်သုံးစွဲသည့် ယေဘုယျဒေသ သို့မဟုတ် ဧရိယာကို ကျွန်ုပ်တို့ စုဆောင်းနိုင်သည်။

- **သုံးစွဲမှုဒေတာ-** ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များသို့ သင်ဝင်ကြည့်အခါ လေ့လာကြည့်ရှုမှုနှင့် ကလစ်နှိပ်မှု မှတ်တမ်း၊ စက်အမျိုးအစားများ၊ လုပ်ဆောင်ချက်စနစ်၊ ဘရောက်ဇာ ဆက်တင်များ၊ IP လိပ်စာ၊ ဘာသာစကား ဆက်တင်များ အပါအဝင် သင်၏ အင်တာနက် သို့မဟုတ် အခြားအီလက်ထရောနစ် လှုပ်ရှားဆောင်ရွက်မှုနှင့်သက်ဆိုင်သော ဒေတာများအပြင် ဝက်ဘ်ဆိုက်၊ အခြားဝက်ဘ်ဆိုက်များနှင့် အင်တာနက်တွင် သင်ရှာဖွေကြည့်ရှုပုံနှင့်ပတ်သက်သည့် အချက်အလက်များအပါအဝင် ဝက်ဘ်ဆိုက်သုံးစွဲမှုဒေတာကို ကျွန်ုပ်တို့ စုဆောင်းနိုင်သည်။
- **လူမှုကွန်ရက် ပရိုဖိုင်များ-** Facebook တွင် သင်က ကျွန်ုပ်တို့ကို လိုက်ခ်လုပ်သည့်အခါ သို့မဟုတ် Facebook၊ Twitter၊ Snapchat၊ LinkedIn၊ Instagram သို့မဟုတ် အခြားဝက်ဘ်ဆိုက်များတွင် သင်က ကျွန်ုပ်တို့ကို ဖော်လိုလုပ်သည့်အခါ သို့မဟုတ် ကျွန်ုပ်တို့၏ အကြောင်းအရာများကို မျှဝေသည့်အခါကဲ့သို့ အမျိုးမျိုးသော လူမှုကွန်ရက်များမှတစ်ဆင့် ကျွန်ုပ်တို့နှင့်ဖြစ်စေ၊ ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်များနှင့်ဖြစ်စေ သင်တုံ့ပြန်ဆက်သွယ်သည့်အခါ ကျွန်ုပ်တို့သည် သင်၏ ပရိုဖိုင်အချက်အလက်၊ သင်၏ လူမှုကွန်ရက်အကောင့်နှင့်ချိတ်ထားသည့် အသုံးပြုသူ ID နှင့် လူမှုကွန်ရက်တွင် ပြင်ပအဖွဲ့အစည်းများသို့ မျှဝေရန် သင်ခွင့်ပြုထားသည့် အခြားအချက်အလက်များကို ကျွန်ုပ်တို့လက်ခံရရှိနိုင်သည်။
- **အသုံးပြုသူ ဖန်တီးသော အကြောင်းအရာများ-** ဥပမာ၊ အီးမေးလ်၊ ဖုန်း၊ စာတိုက်မှတစ်ဆင့် သို့မဟုတ် အွန်လိုင်းဖောင်တစ်ခုကို ဖြည့်စွက်ခြင်းဖြင့် သို့မဟုတ် အွန်လိုင်းချတ်တစ်ခုတွင် ပါဝင်ခြင်းဖြင့် သင်က ကျွန်ုပ်တို့ထံ တိုက်ရိုက်ဆက်သွယ်သည့်အခါ ကျွန်ုပ်တို့သည် သင့်မှတ်ချက်များနှင့် ထင်မြင်ချက်များကို မှတ်တမ်းတင်ပါမည်။ စစ်တမ်းများကို တုံ့ပြန်သည့်အခါ၊ ကဲစမ်းမဲများတွင် ပါဝင်သည့်အခါ သို့မဟုတ် ကျွန်ုပ်တို့လုပ်ဆောင်သည့် ပရိုမိုးရှင်းများတွင် ပါဝင်သည့်အခါ သင်ဖော်ပြသည့် မှတ်ချက်များနှင့် ထင်မြင်ချက်များကိုလည်း ကျွန်ုပ်တို့ မှတ်တမ်းတင်ပါမည်။
- **အသံ/ရုပ်ပုံဒေတာ-** ကျွန်ုပ်တို့၏ ရုံးခန်းများ သို့မဟုတ် ပွဲအစီအစဉ် ရုံငယ်များမှတစ်ခုသို့ သင်လာရောက်သည့်အခါ၊ ကျွန်ုပ်တို့၏ ပရိုမိုးရှင်းများ သို့မဟုတ် ပြိုင်ပွဲများမှတစ်ခုတွင် ပါဝင်သည့်အခါ သို့မဟုတ် ဓာတ်ပုံများ သို့မဟုတ် ဗီဒီယိုများကို ကျွန်ုပ်တို့ထံ ပေးပို့သည့်အခါ ကျွန်ုပ်တို့သည် ဗီဒီယိုများ၊ ဓာတ်ပုံများ သို့မဟုတ် အသံဖမ်းဖိုင်များအပါအဝင် အသံ၊ အီလက်ထရောနစ်၊ ဓာတ်ပုံ၊ ရုပ်ပုံ သို့မဟုတ် အလားတူဒေတာများကို ကျွန်ုပ်တို့ စုဆောင်းနိုင်သည်။
- **စီးပွားရေးဆိုင်ရာ အချက်အလက်များ-** သင်က ကျွန်ုပ်တို့၏ ထုတ်ကုန်များအကြောင်း စုံစမ်းမေးမြန်းသည့်အခါ သို့မဟုတ် သင်ဝယ်ယူသည့်ထုတ်ကုန်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို အချက်အလက်များ ပေးသည့်အခါ ဝယ်ယူထားသည့်၊ ရယူထားသည့် သို့မဟုတ် စဉ်းစားထားသည့် ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ၏ မှတ်တမ်းများ၊ သို့မဟုတ် အခြားဝယ်ယူခြင်း သို့မဟုတ် သုံးစွဲခြင်း မှတ်တမ်းများကို ကျွန်ုပ်တို့ စုဆောင်းနိုင်သည်။

- **ကောက်ချက်ချမှုများ-** သင်နှင့်ပတ်သက်၍ ကောက်ချက်ချမှုများ ပြုလုပ်ရန် အပါအဝင် အရင်းအမြစ်အမျိုးမျိုးမှ ကျွန်ုပ်တို့ရရှိသည့် အချက်အလက်များကို အများသူငှာရရှိနိုင်သော အချက်အလက်များနှင့် ကျွန်ုပ်တို့ ပေါင်းစပ်သည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့တွင်ရှိသော အချက်အလက်များကို အောက်ပါတို့မှ ကျွန်ုပ်တို့စုဆောင်းထားသည့် အချက်အလက်များနှင့် ပေါင်းစပ်နိုင်သည်- (i) အော့ဖ်လိုင်းနှင့် အွန်လိုင်း၊ (ii) အခြားပြင်ပဝက်ဘ်ဆိုက်များမှ၊ ကွန်ပျူတာများနှင့် မိုဘိုင်းစက်များကဲ့သို့ စက်များမှ၊ (iv) ပြင်ပအဖွဲ့အစည်းတစ်ခုမှ။ သင်နှင့်ပတ်သက်သည့် ပရိုဖိုင်တစ်ခု ဖန်တီးရန်၊ သင့်နှစ်သက်မှုများ၊ လက္ခဏာများ၊ အပြုအမူနှင့် စိတ်သဘောထားများကို ထင်ဟပ်စေရန် အထက်တွင်ဖော်ပြထားသော အမျိုးအစားများမှ အချက်အလက်များကိုလည်း ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။

သင်၏ လူမျိုး သို့မဟုတ် လူမျိုးစု ဇာစ်မြစ်၊ နိုင်ငံရေးအမြင်များ၊ ဘာသာရေး သို့မဟုတ် အတွေးအခေါ် ယုံကြည်ချက်များ၊ ကျန်းမာရေး သို့မဟုတ် ဆေးဘက်ဆိုင်ရာ အခြေအနေ၊ ပြစ်မှုကျူးလွန်ဖူးသည့် နောက်ခံရာဇဝင်၊ ကုန်သွယ်ရေးသမဂ္ဂ အဖွဲ့ဝင်မှု၊ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝရုပ်လက္ခဏာ ဒေတာ၊ လိင်မှုဘဝ သို့မဟုတ် လိင်စိတ်တိမ်းညွတ်မှုနှင့်ဆိုင်သည့် ကိုယ်ရေးအချက်အလက်များ ("ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်" အဖြစ် ရည်ညွှန်းထားသည်) ကို ကျွန်ုပ်တို့ စုဆောင်းခြင်း သို့မဟုတ် စီမံဆောင်ရွက်ခြင်း **မပြုပါ**။ ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ထံ ပို့ခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းမပြုရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ထုတ်ကုန်များ သို့မဟုတ် ထုပ်ပိုးမှုနှင့်ပတ်သက်သည့် မတော်တဆမှုများကို ခွဲခြမ်းစိတ်ဖြာပြီး ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့်အခါ သင်၏ ကျန်းမာရေး သို့မဟုတ် ဆေးဘက်ဆိုင်ရာ အခြေအနေနှင့်သက်ဆိုင်သည့် အချက်အလက်များကို ကျွန်ုပ်တို့ထံ ထုတ်ဖော်ပြောကြားရန် သင့်အား တောင်းဆိုနိုင်သည်။ ထို့အပြင် ဖုန်းပြောဆိုစဉ်အတွင်း သင်က ထိုသို့သောအချက်အလက်ကို ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များအား ပြောပြလျှင်ဖြစ်စေ၊ ဆက်သွယ်မှု သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် သဘောတူညီချက်ကို သင့်ဆန္ဒအလျောက် ဖော်ပြလျှင်ဖြစ်စေ အဆိုပါအချက်အလက်ကို ကျွန်ုပ်တို့ စီမံဆောင်ရွက်ပါမည်။

သင့်ကိုယ်ရေးအချက်အလက်များအား စုဆောင်းသည့်အချိန်တွင် အခြားနည်းအားဖြင့် ဖော်ပြထားခြင်းမရှိလျှင် သင်သည် အောက်တွင်ဖော်ပြထားသည့် ရည်ရွယ်ချက်များအတွက် လုံလောက်ပြည့်စုံပြီး လိုအပ်နိုင်သည့်အတိုင်း ကျွန်ုပ်တို့က တောင်းဆိုနိုင်သော သင့်ကိုယ်ရေးအချက်အလက်များကို သင့်အနေဖြင့် ပံ့ပိုးပေးရန် တာဝန်ရှိသည်။ အကယ်၍ သင်သည် တောင်းဆိုထားသော အချက်အလက်များကို ကျွန်ုပ်တို့အား မပေးပါက ကျွန်ုပ်တို့သည် သင်လိုအပ်သည့် ဝန်ဆောင်မှုများ သို့မဟုတ် အချက်အလက်များကို သင့်အား ပံ့ပိုးပေးနိုင်မည်မဟုတ်ပါ သို့မဟုတ် အောက်တွင်ဖော်ပြထားသည့် ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်မည်မဟုတ်ပါ။

## 2. သင့်အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုပုံ

ကျွန်ုပ်တို့သည် သင်၏ ကိုယ်ရေးအချက်အလက်များကို အောက်ပါ ရည်ရွယ်ချက်များအတွက် အသုံးပြုပါသည်-

- **စုံစမ်းမေးမြန်းမှုများနှင့် တောင်းဆိုမှုများ-** သင်၏ စုံစမ်းမေးမြန်းမှုများ၊ တိုင်ကြားချက်များနှင့် အကြံပြုချက်များကို တုံ့ပြန်ရန် သင်၏ ဆက်သွယ်ရန် အချက်အလက်များ၊ အိုင်ဒီများနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုသည်။
  <u>စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ</u>- ဝက်ဘ်ဆိုက်များနှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သုံးစွဲသူများ၏ စုံစမ်းမေးမြန်းမှုများ၊ တိုင်ကြားချက်များနှင့် အကြံပြုချက်များကို ပြည့်စုံလုံလောက်စွာနှင့် အချိန်မီ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွားများအရ။

- **ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ ရည်ရွယ်ချက်များ-** နှစ်သက်မှုများ၊ အလားအလာများနှင့် ကိန်းဂဏန်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန် သင်၏ အိုင်ဒီများ၊ သုံးစွဲမှုဒေတာ၊ ပထဝီတည်နေရာ ဒေတာ၊ စီးပွားရေးဆိုင်ရာ အချက်အလက်၊ လူမှုကွန်ရက်ပရိုဖိုင်များ၊ အသုံးပြုသူ ဖန်တီးထားသော အကြောင်းအရာနှင့် ကောက်ချက်ချမှုများကို ကျွန်ုပ်တို့ အသုံးပြုသည်။
  <u>စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ</u>- ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များနှင့် ဝန်ဆောင်မှုများကို တိုးတက်စေရန်၊ ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများ၏ စွမ်းဆောင်မှုနှင့် သင့်သဘောတူညီချက်ကို အကဲဖြတ်ရန် ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွားများအရ။

- **ဈေးကွက်ရှာဖွေရေး ရည်ရွယ်ချက်များ-** ကျွန်ုပ်တို့၏ သတင်းလွှာကို သင့်ထံ ပို့ရန်၊ ကျွန်ုပ်တို့၏ ဈေးကွက်ရှာဖွေရေး အားထုတ်မှုများကို တိုးတက်စေရန်၊ လူမှုကွန်ရက်ပို့စ်များ သို့မဟုတ် ကြော်ငြာများကို ဖန်တီးရန်နှင့် သင့်အကြိုက်နှင့်ကိုက်ညီသော ဈေးကွက်ရှာဖွေရေး ဆက်သွယ်မှုများအပါအဝင် ကျွန်ုပ်တို့အကြောင်း အချက်အလက်များကို သင့်အား ပံ့ပိုးပေးရန် သင်၏ ဆက်သွယ်ရန်အချက်အလက်၊ အိုင်ဒီများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်၊ သုံးစွဲမှုဒေတာ၊ ပထဝီတည်နေရာ ဒေတာ၊ လူမှုကွန်ရက် ပရိုဖိုင်၊ အသုံးပြုသူ ဖန်တီးထားသော အကြောင်းအရာ၊ အသံ/ရုပ်ပုံ ဒေတာနှင့် ကောက်ချက်ချမှုများကို ကျွန်ုပ်တို့ အသုံးပြုသည်။
  <u>စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ</u>- သင့်သဘောတူညီချက်

- **ကမ်းလှမ်းချက်များနှင့် ပရိုမိုးရှင်းများ-** ပရိုမိုးရှင်းများ၊ ပြိုင်ပွဲများ၊ အထူးပွဲအစီအစဉ်များ၊ ဆုမဲနှိုက်မှုများနှင့် အခြားကမ်းလှမ်းချက်များ/ပရိုမိုးရှင်းများ (ဥပမာ- သင့်ထံ သတိပေးချက် အီးမေးလ်များ သို့မဟုတ် ဆုအသိပေးချက်များ ပို့ခြင်းနှင့် သင်၏ ကိုယ်ရေးအချက်အလက်များကို ဖြည့်ဆည်းရေး မိတ်ဖက်များထံ လွှဲပြောင်းခြင်း) တွင် သင့်အား ပါဝင်ခွင့်ပြုရန် သင်၏ ဆက်သွယ်ရန်အချက်အလက်၊ အိုင်ဒီများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်၊ သုံးစွဲမှုဒေတာ၊

လူမှုကွန်ရက်ပရိုဖိုင်များ၊ အသံ/ရုပ်ပုံ ဒေတာ၊ အသုံးပြုသူ ဖန်တီးထားသော အကြောင်းအရာ၊ ပထဝီတည်နေရာ ဒေတာနှင့် ကောက်ချက်ချမှုများကို ကျွန်ုပ်တို့ အသုံးပြုသည်။

<u>စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ</u>- ဤရည်ရွယ်ချက်အတွက် သင့်ကိုယ်ရေးအချက်အလက်များကို စီမံဆောင်ရွက်ခြင်းသည် သက်ဆိုင်ရာ ပရိုမိုးရှင်း စည်းကမ်းသတ်မှတ်ချက်များနှင့် သင့်သဘောတူညီချက်၏ စွမ်းဆောင်မှုအပေါ် အခြေခံသည်။

- **ဝက်ဘ်ဆိုက်များနှင့် ဝန်ဆောင်မှုများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် တိုးတက်အောင်လုပ်ခြင်း-** ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများနှင့် ဝက်ဘ်ဆိုက်များကို တိုးတက်စေရန်၊ ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်များရှိ လုပ်ဆောင်နိုင်စွမ်းကို ပံ့ပိုးပေးရန်နှင့် ပြုပြင်ထိန်းသိမ်းရန်၊ နည်းပညာနှင့် ဝန်ဆောင်မှုဆိုင်ရာ ပြဿနာများကို ရှာဖွေဖြေရှင်းပြီး ကျွန်ုပ်တို့၏ ဝက်ဆိုက်များကို စီမံခန့်ခွဲနိုင်စေရန် သင်၏ ဆက်သွယ်ရန်အချက်အလက်၊ စီးပွားရေးဆိုင်ရာ အချက်အလက်၊ အိုင်ဒီများ၊ အသုံးပြုသူ ဖန်တီးထားသော အကြောင်းအရာ၊ လူမှုကွန်ရက် ပရိုဖိုင်များ၊ ပထဝီတည်နေရာ ဒေတာ၊ အသံ/ရုပ်ပုံ ဒေတာနှင့် သုံးစွဲမှုဒေတာတို့ကို ကျွန်ုပ်တို့အသုံးပြုသည်။
  <u>စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ</u>- ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်များနှင့် ဝန်ဆောင်မှုများကို တိုးတက်စေရန်နှင့် ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများ၏ စွမ်းဆောင်မှုကို အကဲဖြတ်ရန် ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွားများအရ။

- **လုံခြုံရေးနှင့် လိမ်လည်မှု ဟန့်တားရေး-** ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များနှင့် ဝန်ဆောင်မှုများကို ကာကွယ်ရန်၊ ကျွန်ုပ်တို့၊ ကျွန်ုပ်တို့၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် အခြားသူများကို ကာကွယ်ရန်၊ လိမ်လည်မှု၊ ခိုးယူမှုနှင့် လက်မခံနိုင်သော အပြုအမူတို့ကို တားဆီးရန် သင်၏ ဆက်သွယ်ရန်အချက်အလက်၊ အိုင်ဒီများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်၊ လူမှုကွန်ရက်ပရိုဖိုင်များ၊ အသုံးပြုသူ ဖန်တီးထားသော အကြောင်းအရာ၊ ပထဝီတည်နေရာ ဒေတာ၊ သုံးစွဲမှုဒေတာ၊ အသံ/ရုပ်ပုံ ဒေတာနှင့် ကောက်ချက်ချမှုများကို ကျွန်ုပ်တို့ အသုံးပြုသည်။
- <u>စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ</u>- ကျွန်ုပ်တို့၏အဖွဲ့အစည်းကို ကာကွယ်ရန်နှင့် လိမ်လည်မှု၊ ခိုးယူမှုနှင့် လက်မခံနိုင်သော အပြုအမူကို တားဆီးရန် ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွားများအရ။

- **ဥပဒေရေးရာ-** အစီရင်ခံခြင်း လိုအပ်ချက်များအပါအဝင် ကျွန်ုပ်တို့၏ ဥပဒေရေးရာ တာဝန်ဝတ္တရားများကို လိုက်နာရန်နှင့် တရားစွဲဆိုမှုများတွင် ကျွန်ုပ်တို့ကိုယ်ကို ခုခံကာကွယ်ရန်၊ ဥပဒေအရ တရားစွဲဆိုခြင်းဖြင့် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှု၊ ဝန်ထမ်းများနှင့် အခြားသူများကို ကာကွယ်ရန် သင်၏ ဆက်သွယ်ရန်အချက်အလက်၊ အိုင်ဒီများ၊ လူမှုကွန်ရက်ပရိုဖိုင်များ၊

စီးပွားရေးဆိုင်ရာ အချက်အလက်၊ အသုံးပြုသူ ဖန်တီးထားသော အကြောင်းအရာ၊ ပထဝီတည်နေရာ ဒေတာ၊ သုံးစွဲမှုဒေတာ၊ အသံ/ရုပ်ပုံ ဒေတာနှင့် ကောက်ချက်ချမှုများကို ကျွန်ုပ်တို့ အသုံးပြုသည်။

စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ- ကျွန်ုပ်တို့၏ အဖွဲ့အစည်းများကို ကာကွယ်ရန်နှင့် ကျွန်ုပ်တို့၏ ဥပဒေရေးရာ တာဝန်ဝတ္တရားများကို လိုက်နာရန် ကျွန်ုပ်တို့၏ တရားဝင်အကျိုးစီးပွားများအရ။

# 3. အချက်အလက်များကို မျှဝေခြင်းနှင့် ထုတ်ဖော်ခြင်း

အောက်ပါအခြေအနေများတွင် သို့မဟုတ် ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်တွင် အခြားနည်းဖြင့် ဖော်ပြထားသည့်အတိုင်း ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ မျှဝေပါမည်။

**ဝန်ဆောင်မှုပေးသူများ-** ကျွန်ုပ်တို့သည် ကိုယ်ရေးအချက်အလက်များကို (ဥပမာအားဖြင့် ဝက်ဘ်စီစဉ်တင်ဆက်မှု၊ ခွဲခြမ်းစိတ်ဖြာမှု၊ အီးမေးလ်ပေးပို့မှု၊ ဈေးကွက်ရှာဖွေရေး၊ အာမခံ၊ သိုလှောင်ခန်းနှင့် ဂိုဒေါင် ဝန်ဆောင်မှုများ၊ သုံးစွဲသူပံ့ပိုးကူညီရေး ဝန်ဆောင်မှုများနှင့် စီမံခန့်ခွဲမှု၊ ပရိုမိုးရှင်းများ၊ ပြိုင်ပွဲများနှင့် ကံစမ်းမဲများကို ဆုံးဖြတ်ခြင်းနှင် ဆုဖြည့်ဆည်းခြင်း ကဏ္ဍများ အပါအဝင်) ဝန်ဆောင်မှုများ၊ ဝက်ဘ်ဆိုက်များနှင့် ကျွန်ုပ်တို့၏လုပ်ငန်းဆိုင်ရာ လည်ပတ်ဆောင်ရွက်မှုကို ပံ့ပိုးပေးပြီး ၎င်းတို့၏အလုပ်ကို ဆောင်ရွက်ရန် ထိုသို့သော အချက်အလက်များကို ဝင်ရောက်သုံးစွဲခွင့် လိုအပ်သည့် ရောင်းချသူများ၊ ဝန်ဆောင်မှုပေးသူများနှင့် မျှဝေနိုင်သည်။ အချို့သောကိစ္စရပ်များတွင် ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသူသည် ကျွန်ုပ်တို့၏ကိုယ်စား သင့်ထံမှ အချက်အလက်များကို တိုက်ရိုက်စုဆောင်းနိုင်သည်။

**အဖွဲ့ဝင်များ-** ကျွန်ုပ်တို့သည် ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့၏ မိခင်ကုမ္ပဏီ၊ ကုမ္ပဏီခွဲများ၊ အဖွဲ့ဝင်များ သို့မဟုတ် ၎င်းတို့၏ ဆက်ခံသူများ သို့မဟုတ် တာဝန်ပေးထားသူများနှင့် ၎င်းတို့အကြားတွင် မျှဝေနိုင်သည်။

**ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ-** သင့်ထံ ဈေးကွက်ရှာဖွေရေး အီးမေးလ်များနှင့် ကြော်ငြာများကို ပို့ခြင်းကဲ့သို့ စီးပွားရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် လူမှုကွန်ရက်ပလက်ဖောင်းများနှင့် ကွန်ရက်များအပါအဝင် ပြင်ပအဖွဲ့အစည်း ဈေးကွက်ရှာဖွေရေး၊ ခွဲခြမ်းစိတ်ဖြာမှု သို့မဟုတ် ကြော်ငြာမိတ်ဖက်များထံ ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ မျှဝေနိုင်သည်။

**ကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ-** ရှေ့နေများ၊ ဘဏ္ဍာဝန်ထမ်းများ၊ စာရင်းစစ်များနှင့် အာမခံကုမ္ပဏီများကဲ့သို့ ကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များက ကျွန်ုပ်တို့အား ကျွမ်းကျင်ဝန်ဆောင်မှုများ ပံ့ပိုးပေးနေစဉ် ကာလတစ်လျှောက်လုံး လိုအပ်သည့်အခါ ကျွန်ုပ်တို့သည် အချက်အလက်များကို ၎င်းတို့နှင့် မျှဝေနိုင်သည်။

**အစိုးရအဖွဲ့အစည်းများ-** ကျွန်ုပ်တို့သည် သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ ဥပဒေရေးရာ လုပ်ငန်းစဉ် သို့မဟုတ် အခြား ဥပဒေရေးရာ တာဝန်ဝတ္တရားကို လိုက်နာသင့်သည်ဟု ယူဆပါက အစိုးရ၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အေဂျင်စီများ၊ အခွန် အာဏာပိုင် အဖွဲ့အစည်းများ၊ ကော်ပိုရိတ် ဌာနများနှင့် အခြားအစိုးရအေဂျင်စီများ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းများ အပါအဝင် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် အစိုးရ အဖွဲ့အစည်းများထံ အချက်အလက်များကို မျှဝေနိုင်သည်။ ၎င်းတွင် သင့်လျော်သည်ဟု ကျွန်ုပ်တို့ ယူဆသည့်အခါ တရားဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေရေးရာ ကုစားမှုများ ရယူခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ထိခိုက်ပျက်စီးမှုများကို ကန့်သတ်ခြင်းနှင့် ကျွန်ုပ်တို့အပေါ် အခိုင်အမာပြောဆိုထားသည့် လျော်ကြေးတောင်းဆိုမှုများကို တုံ့ပြန်ခြင်းဖြင့် အပါအဝင် ကျွန်ုပ်တို့၏ စာချုပ်များ၊ တရားဝင်အခွင့်အရေးများ သို့မဟုတ် အခြားသူများ၏အခွင့်အရေးများကို သက်ရောက်ပြဋ္ဌာန်းရန် သို့မဟုတ် ကာကွယ်ရန်တို့ ပါဝင်သည်။

**ကော်ပိုရိတ်လုပ်ငန်း အရောင်းအဝယ်ဆိုင်ရာ လက်ခံရရှိသူများ။** ကျွန်ုပ်တို့သည် အောက်ပါ ဖြစ်ရပ်တွင် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ၊ ဝယ်ယူသူများ၊ ပေါင်းစည်းရေးမိတ်ဖက်များနှင့် ၎င်းတို့၏ အကြံပေးပုဂ္ဂိုလ်များထံ အချက်အလက်များကို မျှဝေနိုင်သည်- (i) ကျွန်ုပ်တို့၏ လုပ်ငန်း သို့မဟုတ် ပိုင်ဆိုင်မှု အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချရန် သို့မဟုတ် လွှဲပြောင်းရန် ထည့်သွင်းစဉ်းစားနေခြင်း သို့မဟုတ် (ii) ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုဆိုင်ရာ အကျိုးအမြတ်၊ လုပ်ငန်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဖွဲ့စည်းရန်၊ ပြောင်းလဲရန်၊ ပေါင်းစည်းရန်၊ ရောင်းချရန်၊ ဖက်စပ်လုပ်ကိုင်ရန်၊ တာဝန်ပေးအပ်ရန်၊ လွှဲပြောင်းရန် သို့မဟုတ် လွှဲအပ်ရန် ထည့်သွင်းစဉ်းစားနေခြင်း သို့မဟုတ် ယင်းတို့ကိုလုပ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်နေခြင်း။

**သင့်သဘောတူညီချက်ဖြင့် သို့မဟုတ် သင့်ညွှန်ကြားချက်ဖြင့်။** သင်သဘောတူသည့်အခါတိုင်း သို့မဟုတ် ထိုသို့မျှဝေမှုကို ညွှန်ကြားသည့်အခါတိုင်း ကျွန်ုပ်တို့သည် အချက်အလက်များကို ပြင်ပအဖွဲ့အစည်းများနှင့် မျှဝေနိုင်သည်။

**အခြားအကြောင်းရင်းများ-** ကျွန်ုပ်တို့သည် သင့်အား ဖော်ပြပေးနိုင်သည့် အခြားအကြောင်းရင်းအတွက် အချက်အလက်များကို မျှဝေနိုင်သည်။

အထက်ဖော်ပြပါ ရည်ရွယ်ချက်များအတွက် သင်၏ ကိုယ်ရေးအချက်အလက်များကို သင်နေထိုင်ရာနိုင်ငံ၏ ပြင်ပရှိ ပြင်ပအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးနိုင်သည်။ ဝက်ဘ်ဆိုက်များ သို့မဟုတ် ဝန်ဆောင်မှုများကို အသုံးပြုခြင်းဖြင့် သင်သည် သင်၏ကိုယ်ရေးအချက်အလက်များကို သင်နေထိုင်ရာပြင်ပရှိ တရားစီရင်ပိုင်ခွင့်နယ်မြေများသို့ လွှဲပြောင်းပြီး ယင်းနယ်မြေများတွင် စီမံဆောင်ရွက်နိုင်ကြောင်းနှင့် အခြားနိုင်ငံများသို့ လွှဲပြောင်းပေးသည့် သင့်ကိုယ်ရေးအချက်အလက်များအပေါ် သက်ရောက်သည့် ဒေတာကာကွယ်ရေးဥပဒေနှင့် စည်းမျဉ်းများသည် သင်နေထိုင်ရာနိုင်ငံရှိ ဥပဒေများနှင့် ကွဲပြားနိုင်ကြောင်းကို သင်သိရှိနားလည်ပါသည်။ ဤလွှဲပြောင်းမှုများကို ပြုလုပ်သည့်အခါ ကျွန်ုပ်တို့သည် သက်ဆိုင်ရာ

ဒေတာကာကွယ်ရေးဥပဒေများ၏ လိုအပ်ချက်များနှင့်အညီ သင့်ကိုယ်ရေးအချက်အလက်ကို လုံလောက်စွာ ကာကွယ်ပေးပြီး လွှဲပြောင်းပေးကြောင်း သေချာစေရန် ရည်ရွယ်ထားသော အဆင့်များကို လုပ်ဆောင်ပါမည်။

## 4. ဈေးကွက်ရှာဖွေရေး ဆက်သွယ်မှုများ

ကျွန်ုပ်တို့ထံမှ သင်လက်ခံရရှိသည့် ဆက်သွယ်မှုများတွင် ဖော်ပြထားသည့် "စာရင်းသွင်းမှုမှ ဖြုတ်ရန်" လင့်ခ် သို့မဟုတ် နည်းလမ်းအား အသုံးပြုခြင်းဖြင့် သင်သည် ဈေးကွက်ရှာဖွေရေး သို့မဟုတ် ကြော်ငြာအီးမေးလ်များနှင့် သတင်းလွှာများကို ငြင်းပယ်နိုင်သည်။ ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်၏ ကျွန်ုပ်တို့ကို ဆက်သွယ်ရန် ကဏ္ဍတွင် ဖော်ပြထားသည့် နည်းလမ်းများထဲမှ တစ်ခုဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်၍လည်း ဈေးကွက်ရှာဖွေရေး သို့မဟုတ် ကြော်ငြာအီးမေးလ်များကို ငြင်းပယ်ရန် တောင်းဆိုနိုင်သည်။ သင့်တောင်းဆိုချက်ကို ကျွန်ုပ်တို့ဆောင်ရွက်ပြီးသည်နှင့် သင့်ထံမှ ငွေကြေးတစ်စုံတစ်ရာ မကောက်ခံဘဲ ထိုကဲ့သို့သောရည်ရွယ်ချက်များအတွက် ကျွန်ုပ်တို့က အချက်အလက် အသုံးပြုခြင်းကို ရပ်ဆိုင်းပါမည်။

## 5. ဘေးကင်းလုံခြုံရေး

ကျွန်ုပ်တို့ထံ ပေးပို့ထားသော ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရန် ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့် လက်ခံထားသော လုပ်ငန်းစံနှုန်းများအား လိုက်နာပြီး ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရန် ကျိုးကြောင်းဆီလျော်သော နည်းပညာဆိုင်ရာ၊ အဖွဲ့အစည်း၊ စီမံခန့်ခွဲရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။ သို့သော် အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ပေးပို့သည့်နည်းလမ်း သို့မဟုတ် အီလက်ထရောနစ် သိုလှောင်မှုနည်းလမ်းသည် **100%** လုံခြုံမှုမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၎င်း၏ အကြွင်းမဲ့လုံခြုံရေးကို အာမခံ၍မရနိုင်သည့်အပြင် ဝက်ဘ်ဆိုက်များ အသုံးပြုရာတွင်နှင့် အချက်အလက်များကို မျှဝေရာတွင် သတိထားရန် သင့်အား တိုက်တွန်းပါသည်။

## 6. ကွတ်ကီးများ၊ ခွဲခြမ်းစိတ်ဖြာမှုများနှင့် အခြားခြေရာခံနည်းပညာ

**ကွတ်ကီးများနှင့် ခြေရာခံနည်းပညာ-** ဝက်ဘ်ဆိုက်ကို သင်ဝင်ရောက်အသုံးပြုသည့်အခါ ကျွန်ုပ်တို့ (နှင့် ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ကိုင်နေသော ပြင်ပကုမ္ပဏီများ) သည် ဆာဗာမှတ်တမ်းများ၊ ကွတ်ကီးများ၊ ဝက်ဘ်ဘီကွန်များ၊ ရှင်းလင်းသော gif များ၊ တဂ်များ၊ အီးတက်ဂ်များ၊ ဖလက်ရှ်ကွတ်ကီးများ၊ လော့ဂ်ဖိုင်များ၊ ပစ်ဇယ်များ၊ ကုဒ်၊ Javascript ပက်ကေ့ချ်များ၊ (Facebook ID သို့မဟုတ် Google ၏ ကြော်ငြာ ID ကဲ့သို့) မိုဘိုင်းကြော်ငြာ ID များ၊ စက်အချင်းချင်း ချိတ်ဆက်ခြင်းနှင့် အလားတူ နည်းပညာများကဲ့သို့သော နည်းပညာများကို အသုံးပြု၍ အချို့သော အချက်အလက်များကို စုဆောင်း၍ သိမ်းဆည်းထားနိုင်သည်။ စုဆောင်းထားသော အချက်အလက်များတွင် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များရှိ သင့်လုပ်ဆောင်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များ၊ IP လိပ်စာ၊ ဘရောက်ဇာ သို့မဟုတ်

လုပ်ဆောင်ချက်စနစ် အမျိုးအစားနှင့် ဗားရှင်း၊ စက် ID များနှင့် လူမှုအချက်အလက် သို့မဟုတ် ကောက်ချက်ချထားသည့် စိတ်ဝင်စားမှုဆိုင်ရာ အချက်အလက်များအပြင် ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကျွန်ုပ်တို့ထံ သင်ပေးပို့သော အချက်အလက် သို့မဟုတ် ဆက်သွယ်မှုများ ပါဝင်သည်။

ယေဘုယျအသုံးပြုမှုနှင့် ပမာဏစာရင်းအင်းများ၊ အသုံးပြုသူများက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များသို့ သွားရောက်ပုံနှင့် လည်ပတ်ကြည့်ရှုပုံ၊ မည်သည့်အကြောင်းအရာကို ကြည့်ရှုကြောင်း သို့မဟုတ် ဝင်သုံးကြောင်းနှင့် မည်သည့်ဝန်ဆောင်မှုများကို ရယူထားကြောင်း နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့က ဤအချက်အလက်များကို အသုံးပြုနိုင်သည်။ ကျွန်ုပ်တို့သည် သင့်နှစ်သက်မှုများနှင့် ပရိုဖိုင်အချက်အလက်ကို မျက်ခြည်မပြတ် စောင့်ကြည့်ရန်၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် ကြော်ငြာဝန်ဆောင်မှုများကို ပံ့ပိုးရန်နှင့် အင်တာနက်နှင့် မိုဘိုင်းအပလီကေးရှင်းများတွင် ကျွန်ုပ်တို့ကိုယ်စား ကြော်ငြာများကို ပြသနိုင်ရန်အတွက် ပြင်ပအဖွဲ့အစည်းများအား ခွင့်ပြုပေးရန် ဤနည်းပညာများကို အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ ကြော်ငြာမိတ်ဖက်များသည် သင်လက်ရှိသုံးနေသော စက်ပေါ်ရှိ သို့မဟုတ် သင်အသုံးပြုသည့် အခြားစက်များပေါ်ရှိ အခြားဝက်ဘ်ဆိုက်များနှင့် မိုဘိုင်းအက်ပ်များပေါ်တွင် သင့်အား ပစ်မှတ်ထားကြော်ငြာရန် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်သို့ သင်လာရောက်ခဲ့သည်ဟူသောအချက်ကို အသုံးပြုနိုင်သည်။ စက်များစွာတွင် တူညီသော အွန်လိုင်းဝန်ဆောင်မှုသို့ သင်ဝင်ရောက်ပါက ၎င်းတို့သည် သင့်ဘရောက်ဇာများ သို့မဟုတ် စက်များနှင့် ယှဉ်တွဲကြည့်နိုင်သည်။ ဤပြင်ပအဖွဲ့အစည်း မိတ်ဖက်များသည် ကျွန်ုပ်တို့နှင့် ၎င်းတို့၏ ကိုယ်ပိုင်ကြော်ငြာများ၊ ခွဲခြမ်းစိတ်ဖြာမှု၊ ရည်ညွှန်းချက်နှင့် အစီရင်ခံခြင်း ရည်ရွယ်ချက်များအတွက် ဤအချက်အလက်ကို အသုံးပြုနိုင်သည်။

စိတ်ဝင်စားမှုဦးစားပေး ကြော်ငြာခြင်း၊ ခြေရာခံနည်းပညာများနှင့် ငြင်းပယ်နည်းတို့ကို လေ့လာရန် http://www.aboutads.info/choices သို့ ဝင်ရောက်ကြည့်ရှုပါ။ သင်သည် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်အောက်ခြေရှိ ကွတ်ကီးများကို စီမံခန့်ခွဲရန် လင့်ခ်ကိုနှိပ်ပြီး အမှန်တကယ်မလိုအပ်သော ကွတ်ကီးအားလုံးကို ပိတ်၍ အွန်လိုင်းခြေရာခံနည်းပညာဖြင့် ဆက်စပ်မှုရှိသော အပြုအမူဆိုင်ရာ ကြော်ငြာခြင်း သို့မဟုတ် ပစ်မှတ်ထား ကြော်ငြာခြင်းတို့အတွက် သင့်ကိုယ်ရေးအချက်အလက်များအား မျှဝေခြင်းကို ပိတ်နိုင်သည်။

**ခြေရာမခံရ အချက်ပြများ-** အချို့သော ဘရောက်ဇာများတွင် "ခြေရာမခံရ" လုပ်ဆောင်ချက် ပါရှိသည်။ ဤလုပ်ဆောင်ချက်သည် သင်၏ အွန်လိုင်းလှုပ်ရှားဆောင်ရွက်မှုကို ခြေရာမခံစေလိုကြောင်း သင်ဝင်ရောက်ကြည့်ရှုထားသော ဝက်ဘ်ဆိုက်များအား ပြောပြနိုင်စေသည်။ ဤလုပ်ဆောင်ချက်များသည် ဘရောက်ဇာတစ်ခုနှင့် တစ်ခုအကြား မတူညီကြသေးပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များကို ဤအချက်ပြများအား တုံ့ပြန်ရန်အတွက် လက်ရှိတွင် သတ်မှတ်မထားပါ။ ခြေရာမခံပါနှင့် အချက်ပြများအကြောင်း ပိုမိုသိရှိရန် [https://allaboutdnt.com/](https://allaboutdnt.com/) သို့ သွားရောက်ကြည့်ရှုပါ။

**Google Analytics-** ကျွန်ုပ်တို့သည် Google Analytics က ပံ့ပိုးပေးထားသော ခွဲခြမ်းစိတ်ဖြာမှု ဝန်ဆောင်မှုများကို အသုံးပြုသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များကို သင်ဝင်ရောက်ကြည့်ရှုသည့်အခါ သို့မဟုတ် သင်အသုံးပြုသည့်အခါ Google က ဒေတာများကို မည်သို့သုံးစွဲကြောင်း နောက်ထပ်အချက်အလက်များကို ရယူလိုပါက [www.google.com/policies/privacy/partners](http://www.google.com/policies/privacy/partners) သို့ သွားရောက်ကြည့်ရှုပါ။ သင်ငြင်းပယ်လိုပါက Google သည် [https://tools.google.com/dlpage/gaoptout](https://tools.google.com/dlpage/gaoptout) တွင် ရရှိနိုင်သည့် ငြင်းပယ်ရန်ကိရိယာတစ်ခုကို ပံ့ပိုးပေးထားပါသည်။

## 7. အခြားဝက်ဘ်ဆိုက်များနှင့်ချိတ်ထားသည့် လင့်ခ်များ

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များတွင် အခြားဝက်ဘ်ဆိုက်များ သို့မဟုတ် အပလီကေးရှင်းများနှင့်ချိတ်ထားသည့် လင့်ခ်များ ပါရှိနိုင်ပြီး ယင်းတို့၏ ကိုယ်ရေးလုံခြုံမှု အလေ့အထများသည် ကျွန်ုပ်တို့၏ ကိုယ်ရေးလုံခြုံမှု အလေ့အထများနှင့် ကွဲပြားနိုင်သည်။ သင်က ထိုဝက်ဘ်ဆိုက်များ သို့မဟုတ် အပလီကေးရှင်းများသို့ ကိုယ်ရေးအချက်အလက်များကို ပေးပို့ပါက သင့်ကိုယ်ရေးအချက်အလက်ကို ၎င်းတို့၏ ကိုယ်ရေးလုံခြုံမှု ကြေညာချက်များနှင့်အညီ ထိန်းချုပ်ထားပါသည်။ သင်ဝင်ရောက်ကြည့်ရှုသည့် ဝက်ဘ်ဆိုက်မှန်သမျှ၏ ကိုယ်ရေးလုံခြုံမှု ကြေညာချက်ကို သေချာဖတ်ရှုရန် သင့်အား တိုက်တွန်းအပ်ပါသည်။

## 8. အချက်အလက်များကို ထိန်းသိမ်းထားခြင်း

ကျွန်ုပ်တို့သည် ဒေတာအခြေပြု လုပ်ငန်းဆုံးဖြတ်ချက်များ ချခြင်း၊ ကျွန်ုပ်တို့၏ ဥပဒေရေးရာ တာဝန်ဝတ္တရားများကို လိုက်နာခြင်းနှင့် အငြင်းပွားမှုများကို ဖြေရှင်းခြင်းကဲ့သို့ တရားဥပဒေနှင့်ညီညွတ်၍ မရှိမဖြစ်အရေးကြီးသော လုပ်ငန်းရည်ရွယ်ချက်များအတွက် သင့်အား ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် လိုအပ်နေသရွေ့ သင့်ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားပါသည်။ ကိုယ်ရေးအချက်အလက်ကို စုဆောင်းထား၊ ထိန်းသိမ်းထားပြီး စီမံဆောင်ရွက်ထားသည့် ရည်ရွယ်ချက်အတွက် လိုအပ်သည်ထက်ပို၍ သိမ်းဆည်းထားမည် မဟုတ်ပါ။ ကိုယ်ရေးအချက်အလက်များအတွက် ထိန်းသိမ်းထားသည့် ကာလများသည် ဥပဒေအရ လိုအပ်သော လုပ်ငန်းမှတ်တမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိုဒေတာကို ထိန်းသိမ်းထားခြင်းရှိ၊ မရှိအပေါ် မူတည်၍ ကွဲပြားသွားပါသည်။

## 9. ကလေးများ

ကျွန်ုပ်တို့သည် အသက် 13 နှစ်အောက် မည်သူမဆိုထံမှ ကိုယ်ရေးအချက်အလက်များကို သိသိလျက်နှင့် စုဆောင်းခြင်း သို့မဟုတ် သိမ်းဆည်းခြင်းတို့ မပြုလုပ်ပါ။ အသက် 13 နှစ်အောက် လူတစ်ဦးထံမှ ကိုယ်ရေးအချက်အလက်များကို စုဆောင်းထားကြောင်း သို့မဟုတ် သိမ်းဆည်းထားကြောင်း ကျွန်ုပ်တို့ သတိပြုမိလျှင် ၎င်း၏ ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့၏ ဖိုင်မှတ်တမ်းများမှ ဖယ်ရှားပစ်ပါမည်။

သင်သည် မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်ဖြစ်ပြီး ကျွန်ုပ်တို့က သင့်ကလေးထံမှ ကိုယ်ရေးအချက်အလက်များကို မတော်တဆ စုဆောင်းထားနိုင်သည်ဟု ယူဆပါက privacy@wd40.com သို့ အီးမေးလ်ပို့၍ ကျွန်ုပ်တို့ကို ချက်ချင်းအကြောင်းကြားပါ။

## 10. သင့်အချက်အလက်ကို အပ်ဒိတ်လုပ်ပုံ

သင့်တွင် သင့်ကိုယ်ရေးအချက်အလက်များကို ဝင်ရောက်ကြည့်ရှုရန်နှင့် ယင်းကို ပြင်ဆင်မှုပြုလုပ်ရန် ကျွန်ုပ်တို့ကို အချိန်မရွေး တောင်းဆိုပိုင်ခွင့် ရှိသည်။ ကျွန်ုပ်တို့ ထိန်းသိမ်းထားသော အချက်အလက်များထဲမှ သင်နှင့်ပတ်သက်သော အချက်အလက်များကို ဝင်ရောက်ကြည့်ရှုရန်၊ ပြောင်းလဲရန် သို့မဟုတ် အပ်ဒိတ်လုပ်ရန် အပိုင်း 11 ရှိ ဆက်သွယ်ရန် အသေးစိတ်အချက်များကို အသုံးပြု၍ ကျွန်ုပ်တို့ကို ဆက်သွယ်ပေးပါ။

## 11. ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

ကျွန်ုပ်တို့၏ ကိုယ်ရေးလုံခြုံမှု အလေ့အထများနှင့်ပတ်သက်၍ဖြစ်စေ၊ ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်နှင့်ပတ်သက်၍ဖြစ်စေ သင့်တွင် မေးစရာများ သို့မဟုတ် စိုးရိမ်စရာများ ရှိပါက အောက်ပါ လိပ်စာဖြင့် ကျွန်ုပ်တို့ထံ စာရေးသား၍ သို့မဟုတ် အီးမေးလ်ပေးပို့၍ ဆက်သွယ်နိုင်သည်-

WD-40 Company
Attn: Privacy
လိပ်စာ- 9715 Businesspark Avenue, San Diego, CA 92131

အီးမေးလ်- privacy@wd40.com.

## 12. ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်ရှိ ပြောင်းလဲမှုများ

ကျွန်ုပ်တို့သည် ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်ကို အခါအားလျော်စွာ စိစစ်တည်းဖြတ်နိုင် သို့မဟုတ် အပ်ဒိတ်လုပ်နိုင်သည်။ အထက်ဖော်ပြပါ နောက်ဆုံး အပ်ဒိတ်လုပ်ထားသည့် ရက်စွဲသည် နောက်ဆုံး စိစစ်တည်းဖြတ်ထားသည့် ရက်စွဲကို ဖော်ပြသည်။ အပ်ဒိတ်လုပ်ထားသော ကိုယ်ရေးလုံခြုံမှု ကြေညာချက်ကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များတွင် တင်ထားပါမည်။ စိစစ်တည်းဖြတ်ထားသော ကိုယ်ရေးလုံခြုံမှု ကြေညာချက်တစ်ခုကို ကျွန်ုပ်တို့တင်ပြီးနောက် ဝန်ဆောင်မှုများ သို့မဟုတ် ဝက်ဘ်ဆိုက်များကို သင်ဆက်လက်အသုံးပြုခြင်းသည် စိစစ်တည်းဖြတ်ထားသော ကိုယ်ရေးလုံခြုံမှု ကြေညာချက်ကို သင်လက်ခံကြောင်း ဖော်ပြရာရောက်သည်။

## 13. နိုင်ငံ/ဒေသ/ပြည်နယ်အလိုက် သီးခြားပြဋ္ဌာန်းချက်များ

## ကယ်လီဖိုးနီးယား

ကယ်လီဖိုးနီးယားတွင် နေထိုင်သူများဆိုလျှင် အောက်ပါ ထပ်ဆောင်းပြဋ္ဌာန်းချက်များသည် သင်နှင့် သက်ဆိုင်သည်။

**Shine The Light-** သင်သည် ကယ်လီဖိုးနီးယားတွင် နေထိုင်သူတစ်ယောက်ဖြစ်ပါက ဤအပိုင်းသည် သင်နှင့် သက်ဆိုင်သည်။ California Shine the Light ဥပဒေ (ကယ်လီဖိုးနီးယား တရားမ ကျင့်ထုံးဥပဒေ § 1798.83) သည် ကယ်လီဖိုးနီးယားတွင် နေထိုင်သူများအား ၎င်းတို့၏ အချက်အလက်များကို ပြင်ပအဖွဲ့အစည်းများ၏ တိုက်ရိုက်ဈေးကွက်ရှာဖွေရေး ရည်ရွယ်ချက်များအတွက် ပြင်ပအဖွဲ့အစည်းများထံ မည်သို့ မျှဝေထားကြောင်းနှင့်ပတ်သက်ပြီး အချို့သော အသေးစိတ်အချက်များကို တောင်းဆိုခွင့်ပြုသည်။ သင်သည် ကယ်လီဖိုးနီးယားတွင် နေထိုင်သူဖြစ်ပြီး ထိုသို့သော တောင်းဆိုချက်ကို ပြုလုပ်လိုပါက privacy@wd40.com သို့ အီးမေးလ်ပေးပို့ပြီး သင့်အီးမေးလ်၏ အကြောင်းအရာ စာကြောင်းတွင် “CA Shine the Light” ကို ထည့်သွင်းပေးပါ။

### ကယ်လီဖိုးနီးယား သုံးစွဲသူ ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ (CCPA) နှင့်ဆိုင်သော ထုတ်ဖော်ပြောဆိုမှုများ-

<u>ကျွန်ုပ်တို့ စုဆောင်းထားသည့် ကိုယ်ရေး အချက်အလက်များ၏ အမျိုးအစားများနှင့် ရင်းမြစ်များ</u>- လွန်ခဲ့သော 12 လအတွင်း ကျွန်ုပ်တို့သည် ဖော်ပြပါ ကိုယ်ရေးအချက်အလက် အမျိုးအစားများ- ဆက်သွယ်ရန် အချက်အလက်များ၊ အိုင်ဒီများ၊ လူမှုကွန်ရက် ပရိုဖိုင်များ၊ အသုံးပြုသူ ဖန်တီးထားသော အကြောင်းအရာ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ပထဝီဝင်တည်နေရာ ဒေတာ၊ သုံးစွဲမှုဒေတာ၊ အသံ/ရုပ်ပုံ ဒေတာနှင့် ကောက်ချက်ချမှုများကို စုဆောင်းထားပါသည်။ ကျွန်ုပ်တို့ စုဆောင်းသည့် ဒေတာများနှင့် ယင်းသို့စုဆောင်းထားသော ဒေတာများ၏ ရင်းမြစ်အမျိုးအစားများအကြောင်း အသေးစိတ်အချက်များအတွက် အထက်ဖော်ပြပါ အပိုင်း 1 ကို ကြည့်ပေးပါ။

<u>ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့အသုံးပြုရသည့် ရည်ရွယ်ချက်များ</u>- အထက်ပါ အပိုင်း 2 တွင် ဖော်ပြထားသော လုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ စုဆောင်းပါသည်။

<u>ကိုယ်ရေးအချက်အလက်များကို ရောင်းချခြင်း သို့မဟုတ် မျှဝေခြင်း</u>- လွန်ခဲ့သော 12 လအတွင်း ကျွန်ုပ်တို့သည် ဖော်ပြပါ ကိုယ်ရေးအချက်အလက် အမျိုးအစားများ- အိုင်ဒီများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ပထဝီဝင်တည်နေရာ ဒေတာများ၊ အင်တာနက် သို့မဟုတ် အီလက်ထရောနစ် သုံးစွဲမှုဒေတာနှင့် ကောက်ချက်ချမှုများကို “ရောင်းချထား” သို့မဟုတ် “မျှဝေထား” သည် (ဤဝေါဟာရများကို CCPA တွင် ဖော်ပြထားသည်)။ ကျွန်ုပ်တို့သည် အသက် 16 နှစ်အောက် အရွယ်မရောက်သေးသူများ၏

ကိုယ်ရေးအချက်အလက်များကို သိသိလျက်နှင့် စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် မျှဝေခြင်းတို့ မပြုလုပ်ပါ။

<u>ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်း</u>- လွန်ခဲ့သော 12 လအတွင်း ကျွန်ုပ်တို့သည် CCPA အရ အသုံးပြုမှုနှင့် ထုတ်ဖော်ပြောဆိုမှုအပေါ် ကန့်သတ်ပိုင်ခွင့် အကျုံးဝင်သည့် ရည်ရွယ်ချက်များအတွက် ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များကို အသုံးပြုထားခြင်း သို့မဟုတ် ထုတ်ဖော်ထားခြင်းမရှိပါ။

<u>လုပ်ငန်းရည်ရွယ်ချက်အတွက် ထုတ်ဖော်ပြောဆိုခြင်း</u>- လွန်ခဲ့သော 12 လအတွင်း ကျွန်ုပ်တို့သည် အထက်ပါ အပိုင်း 3 တွင် ဖော်ပြထားသည့် လုပ်ငန်းရည်ရွယ်ချက်များအတွက် အောက်ပါ ကိုယ်ရေးအချက်အလက် အမျိုးအစားများကို အောက်ပါ လက်ခံရရှိသူ အမျိုးအစားများထံ ထုတ်ဖော်ပြောဆိုထားသည်-

| *ကိုယ်ရေးအချက်အလက် အမျိုးအစား* | *လက်ခံရရှိသူ အမျိုးအစားများ* |
|---|---|
| ဆက်သွယ်ရန် အချက်အလက်များ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ၊ ကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့အစည်းများ |
| သီးသန့်အိုင်ဒီများ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ၊ ကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ၊ ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |
| လူမှုကွန်ရက် ပရိုဖိုင်များ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ၊ ကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ၊ ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |
| အသုံးပြုသူ ဖန်တီးထားသည့် အကြောင်းအရာ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ၊ ကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ၊ ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |
| စီးပွားရေးဆိုင်ရာ အချက်အလက်များ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ၊ ကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့အစည်းများ၊ ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |
| သုံးစွဲမှုဒေတာ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |
| ပထဝီတည်နေရာ ဒေတာ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |
| အသံ/ရုပ်ပုံ ဒေတာ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |

| | |
|---|---|
| ကောက်ချက်ချမှုများ | ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့ဝင်များ<br>ဈေးကွက်ရှာဖွေရေး/ခွဲခြမ်းစိတ်ဖြာမှု/ကြော်ငြာမိတ်ဖက်များ |

လက်ခံရရှိသူ အမျိုးအစားများအကြောင်း ပိုမိုကျယ်ပြန့်သော ဖော်ပြချက်အတွက် အထက်ဖော်ပြပါ အပိုင်း 3 ကို ကြည့်ပေးပါ။

<u>CCPA အောက်ရှိ သင့်အခွင့်အရေးများ</u>

အချို့သော ခြွင်းချက်များနှင့် ကန့်သတ်ချက်များအရ CCPA သည် ကယ်လီဖိုးနီးယားရှိ အသုံးပြုသူများကို အောက်ပါ အခွင့်အရေးများ ပေးအပ်ပါသည်-

- (i) သင်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ စုဆောင်းထားသည့် ကိုယ်ရေးအချက်အလက်များ၊ (ii) ထိုအချက်အလက်များ၏ ရင်းမြစ်များ၊ (iii) ကိုယ်ရေးအချက်အလက်များကို စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် မျှဝေခြင်း ပြုလုပ်ရသည့် လုပ်ငန်း သို့မဟုတ် စီးပွားရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့် (iv) သင့်ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ ထုတ်ဖော်ပြောဆိုထားသည့် ပြင်ပအဖွဲ့အစည်း အမျိုးအစားများကို သင့်အား ပြောပြရန် ကျွန်ုပ်တို့ထံ တောင်းဆိုပိုင်ခွင့်။
- သင့်ကိုယ်ရေးအချက်အလက် မိတ္တူကို ပေးအပ်ရန် ကျွန်ုပ်တို့အား တောင်းဆိုပိုင်ခွင့်။
- သင့်ကိုယ်ရေးအချက်အလက်ကို ဖျက်ပေးရန် ကျွန်ုပ်တို့အား တောင်းဆိုပိုင်ခွင့်။
- သင့်ကိုယ်ရေးအချက်အလက်များကို ရောင်းချခြင်းအား ငြင်းပယ်ခွင့်။
- ဆက်စပ်မှုရှိသော အပြုအမူဆိုင်ရာ ကြော်ငြာခြင်းအတွက် သင့်ကိုယ်ရေးအချက်အလက်များကို မျှဝေခြင်းအား ငြင်းပယ်ခွင့်
- CCPA တွင် သတ်မှတ်ထားသော ရည်ရွယ်ချက်များအတွက်သာ သင်၏ ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်ရန် ကျွန်ုပ်တို့အား စီစဉ်ညွှန်ကြားပိုင်ခွင့်။
- သင်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ထိန်းသိမ်းထားသည့် မမှန်ကန်သော ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်ပိုင်ခွင့်။
- သင်၏ CCPA အခွင့်အရေးများကို အသုံးချခြင်းအပေါ် ခွဲခြားဆက်ဆံမခံရခွင့်။

သင့်အခွင့်အရေးများကို အသုံးချခြင်း- သင်၏ **CCPA** အခွင့်အရေးများအနက်မှ တစ်ခုခုကို အသုံးချရန် ဤနေရာကို နှိပ်ပါ သို့မဟုတ် ဖုန်းနံပါတ် **1-877-906-1824** ဖြင့် ကျွန်ုပ်တို့ကို ခေါ်ဆိုပါ။ တောင်းဆိုချက်အားလုံးအတွက် သင့်အမည်၊ အီးမေးလ် လိပ်စာ၊ ဖုန်းနံပါတ်နှင့် စာပို့လိပ်စာတို့ကို ကျွန်ုပ်တို့အား ပေးဆောင်ရမည်။ အထက်ဖော်ပြပါ အချက်အလက်အားလုံးကို ပေးဆောင်ရန် ပျက်ကွက်ပါက ကျွန်ုပ်တို့အနေဖြင့် သင့်တောင်းဆိုချက်ကို ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ သင်ပေးထားသော အချက်အလက်များနှင့် ကျွန်ုပ်တို့စုဆောင်းထားသော အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် သင့်အထောက်အထားကို ကျွန်ုပ်တို့ အတည်ပြုပါမည်။ သင့်ကိုယ်ရေးအချက်အလက်များကို ပြင်ပေးရန် ကျွန်ုပ်တို့အား သင်တောင်းဆိုထားပါက ကျွန်ုပ်တို့သည် အထောက်အထား စာရွက်စာတမ်းများ အပါအဝင် မမှန်ကန်ဟု သင်ယူဆထားသော ကိုယ်ရေးအချက်အလက်များနှင့်ပတ်သက်ပြီး ထပ်ဆောင်း အချက်အလက်များ တောင်းဆိုရန် သင့်အား ဆက်သွယ်နိုင်သည်။ သင့်ကိုယ်စားဆောင်ရွက်ပေးမည့် တရားဝင်ခွင့်ပြုချက်ရ ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ရန်အတွက် သင်သည် စာဖြင့်ရေးသားထားပြီး လက်မှတ်ရေးထိုးထားသော ခွင့်ပြုချက်ကို privacy@wd40.com မှတစ်ဆင့် ကျွန်ုပ်တို့ထံ ပေးပို့ရမည်။

ကမ္ဘာလုံးဆိုင်ရာ ကိုယ်ရေးလုံခြုံမှု ထိန်းချုပ်ရေးနှင့် ငြင်းပယ်မှု ဦးစားပေး အချက်ပြမှုများ- အချို့သော ဘရောက်ဇာများ သို့မဟုတ် ဘရောက်ဇာ အိတ်စ်တန်းရှင်းများတွင် “ကမ္ဘာလုံးဆိုင်ရာ ကိုယ်ရေးလုံခြုံမှု ထိန်းချုပ်ရေး” သို့မဟုတ် အခြားငြင်းပယ်မှု ဦးစားပေး အချက်ပြများဖြင့် ဆက်စပ်မှုရှိသော အပြုအမူဆိုင်ရာ ကြော်ငြာခြင်းအတွက် သင့်အချက်အလက်များကို မျှဝေခြင်းမပြုရန်လည်း ဝက်ဘ်ဆိုက်များကို ညွှန်ကြားထားနိုင်စေသည်။ အကယ်၍ သင်သည် သင့်ဘရောက်ဇာ သို့မဟုတ် အိတ်စ်တန်းရှင်းတွင် ကမ္ဘာလုံးဆိုင်ရာ ကိုယ်ရေးလုံခြုံမှု ထိန်းချုပ်ရေး သို့မဟုတ် ငြင်းပယ်မှု ဦးစားပေးအချက်ပြကို ဖွင့်ထားပါက ခွဲခြမ်းစိတ်ဖြာမှုနှင့် ကြော်ငြာနည်းပညာများကို ပိတ်ခြင်းဖြင့် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များက မှတ်သားသိရှိနိုင်သည့် အဆိုပါ တောင်းဆိုချက်များကို ကျွန်ုပ်တို့က အလေးထားပါမည်။ ငြင်းပယ်မှု ဦးစားပေး အချက်ပြတစ်ခုကို သင့်အီးမေးလ် လိပ်စာကဲ့သို့ အခြား ကိုယ်ရေးအချက်အလက်များနှင့် ကျွန်ုပ်တို့ အလွယ်တကူ ဆက်စပ်၍မရနိုင်ကြောင်း သတိပြုပေးပါ။ သင့်ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းပေါ်တွင် ရောင်းချခြင်း သို့မဟုတ် မျှဝေခြင်းကိုသာလျှင် သင်ငြင်းပယ်နိုင်မည်ဖြစ်ပြီး သင်အသုံးပြုသည့် ဘရောက်ဇာတစ်ခုစီအတွက် ၎င်းကို ဖွင့်ထားရန် လိုအပ်ပါမည်။ အထက်ဖော်ပြပါ အွန်လိုင်းကြော်ငြာ အလေ့အထများထက် ကျော်လွန်၍ သင်၏ငြင်းပယ်ခွင့် တောင်းဆိုမှုကို တိုးချဲ့လိုပါက အထက်ဖော်ပြပါ “သင့်အခွင့်အရေးများကို အသုံးချခြင်း” အား ကိုးကားပါ။

## တက္ကဆက်

တက္ကဆက်တွင် နေထိုင်သူများအတွက် အောက်ပါ ထပ်ဆောင်းပြဋ္ဌာန်းချက်များသည် သင်နှင့် သက်ဆိုင်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စီမံဆောင်ရွက်သည့် ကိုယ်ရေးဒေတာ အမျိုးအစားများ၊ ကိုယ်ရေးဒေတာ စီမံဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ မျှဝေထားသော ကိုယ်ရေးဒေတာ အမျိုးအစားများနှင့် ကိုယ်ရေးဒေတာကို မျှဝေထားသည့် ပြင်ပအဖွဲ့အစည်း အမျိုးအစားများကို အထက်တွင် ဖော်ပြထားသည်။

<u>သင်၏ အခွင့်အရေးများ</u>

အချို့သော ခြွင်းချက်များနှင့် ကန့်သတ်ချက်များအရ တက္ကဆက်ရှိ သုံးစွဲသူများတွင် အောက်ပါ အခွင့်အရေးများ ရှိသည်-

- ကျွန်ုပ်တို့က သင့်ကိုယ်ရေးဒေတာများကို စီမံဆောင်ရွက်ခြင်းရှိ၊ မရှိနှင့် သင့်ကိုယ်ရေးဒေတာများကို ဝင်ရောက်ကြည့်ရှုခြင်းရှိ၊ မရှိ အတည်ပြုရန် တောင်းဆိုပိုင်ခွင့်။
- သင့်ကိုယ်ရေးဒေတာ မိတ္တူကို သယ်ဆောင်ရလွယ်ကူပြီး နည်းပညာအရ ဖြစ်နိုင်သော အတိုင်းအတာအထိ ဒေတာလွှဲပြောင်းရလွယ်ကူစေသည့် အဆင်သင့် အသုံးပြုနိုင်သော ပုံစံဖြင့် ရယူပိုင်ခွင့်။
- သင်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ ထိန်းသိမ်းထားသည့် မမှန်ကန်သော ကိုယ်ရေးဒေတာများကို ပြင်ဆင်ပိုင်ခွင့်။
- သင့်ကိုယ်ရေးအချက်အလက်ကို ဖျက်ပေးရန် ကျွန်ုပ်တို့အား တောင်းဆိုပိုင်ခွင့်။
- (i) ပစ်မှတ်ထား ကြော်ငြာခြင်း/ဆက်စပ်မှုရှိသော အပြုအမူဆိုင်ရာ ကြော်ငြာခြင်း၊ (ii) ကိုယ်ရေးဒေတာ ရောင်းချခြင်း၊ (iii) အလိုအလျောက်နည်းလမ်းများဖြင့် ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် သင်နှင့်ပတ်သက်၍ တရားဝင် သို့မဟုတ် အလားတူ သိသာထင်ရှားသော သက်ရောက်မှုများ ဖြစ်စေသည့် ဆုံးဖြတ်ချက်များချရာတွင် အထောက်အကူဖြစ်စေရန် ပရိုဖိုင်များကို စုစည်းဆန်းစစ်ခြင်း ရည်ရွယ်ချက်များအတွက် ကိုယ်ရေးဒေတာများကို စီမံဆောင်ရွက်ခြင်းအား ငြင်းပယ်ပိုင်ခွင့်။

<u>သင့်အခွင့်အရေးများကို အသုံးချခြင်း</u>

သင့်အခွင့်အရေးများအနက်မှ တစ်ခုခုကို အသုံးချရန် ဤနေရာကို နှိပ်ပါ သို့မဟုတ် ဖုန်းနံပါတ် **1-877-906-1824** ဖြင့် ကျွန်ုပ်တို့ကို ခေါ်ဆိုပါ။ တောင်းဆိုချက်အားလုံးအတွက် သင့်အမည်၊ အီးမေးလ် လိပ်စာ၊ ဖုန်းနံပါတ်နှင့် စာပို့လိပ်စာတို့ကို ကျွန်ုပ်တို့အား ပေးဆောင်ရမည်။ အထက်ဖော်ပြပါ အချက်အလက်အားလုံးကို ပေးဆောင်ရန် ပျက်ကွက်ပါက ကျွန်ုပ်တို့အနေဖြင့် သင့်တောင်းဆိုချက်ကို ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ သင်ပေးထားသော အချက်အလက်များနှင့် ကျွန်ုပ်တို့စုဆောင်းထားသော အချက်အလက်များကို

တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် သင့်အထောက်အထားကို ကျွန်ုပ်တို့ အတည်ပြုပါမည်။ သင့်ကိုယ်ရေးအချက်အလက်များကို ပြင်ပေးရန် ကျွန်ုပ်တို့အား သင်တောင်းဆိုထားပါက ကျွန်ုပ်တို့သည် အထောက်အထား စာရွက်စာတမ်းများ အပါအဝင် မမှန်ကန်ဟု သင်ယူဆထားသော ကိုယ်ရေးအချက်အလက်များနှင့်ပတ်သက်ပြီး ထပ်ဆောင်း အချက်အလက်များ တောင်းဆိုရန် သင့်အား ဆက်သွယ်နိုင်သည်။ သင့်ကိုယ်စားဆောင်ရွက်ပေးမည့် တရားဝင်ခွင့်ပြုချက်ရ ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ရန်အတွက် သင်သည် စာဖြင့်ရေးသားထားပြီး လက်မှတ်ရေးထိုးထားသော ခွင့်ပြုချက်ကို privacy@wd40.com မှတစ်ဆင့် ကျွန်ုပ်တို့ထံ ပေးပို့ရမည်။

ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခြင်း။ သင့်တောင်းဆိုချက်ကို ကျွန်ုပ်တို့ဆောင်ရွက်ပေးရန် ငြင်းပယ်ပါက ကျွန်ုပ်တို့၏ အကြောင်းပြန်ကြားချက်ကို သင်လက်ခံရရှိသည့်နေ့မှစ၍ ပြက္ခဒိန်ရက်ပေါင်း 90 ထက် မကျော်လွန်စေဘဲ သင့်လျော်သော အချိန်ကာလအတွင်း ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို သင်အယူခံဝင်နိုင်သည်။ privacy@wd40.com သို့ အီးမေးလ်ပို့၍ သင့်အယူခံဝင်ခွင့်များကို အသုံးချနိုင်သည်။ သင့်အမည်အပြည့်အစုံ၊ အယူခံဝင်ရသည့် အခြေခံအကြောင်းရင်းနှင့် စဉ်းစားသုံးသပ်စေလိုသည့် ထပ်ဆောင်းအချက်အလက်များကို ထည့်သွင်းဖော်ပြပေးပါ။

ကမ္ဘာလုံးဆိုင်ရာ ကိုယ်ရေးလုံခြုံမှု ထိန်းချုပ်ရေးနှင့် ငြင်းပယ်မှု ဦးစားပေး အချက်ပြမှုများ- အချို့သော ဘရောက်ဇာများ သို့မဟုတ် ဘရောက်ဇာ အိတ်စ်တန်းရှင်းများတွင် "ကမ္ဘာလုံးဆိုင်ရာ ကိုယ်ရေးလုံခြုံမှု ထိန်းချုပ်ရေး" သို့မဟုတ် အခြားငြင်းပယ်မှု ဦးစားပေး အချက်ပြမှုများဖြင့် ဆက်စပ်မှုရှိသော အပြုအမူဆိုင်ရာ ကြော်ငြာခြင်းအတွက် သင့်အချက်အလက်များကို မျှဝေခြင်းမပြုရန်လည်း ဝက်ဘ်ဆိုက်များကို ညွှန်ကြားထားနိုင်စေသည်။ အကယ်၍ သင်သည် သင့်ဘရောက်ဇာ သို့မဟုတ် အိတ်စ်တန်းရှင်းတွင် ကမ္ဘာလုံးဆိုင်ရာ ကိုယ်ရေးလုံခြုံမှု ထိန်းချုပ်ရေး သို့မဟုတ် ငြင်းပယ်မှု ဦးစားပေးအချက်ပြကို ဖွင့်ထားပါက ခွဲခြမ်းစိတ်ဖြာမှုနှင့် ကြော်ငြာနည်းပညာများကို ပိတ်ခြင်းဖြင့် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များက မှတ်သားသိရှိနိုင်သည့် အဆိုပါ တောင်းဆိုချက်များကို ကျွန်ုပ်တို့က အလေးထားပါမည်။ ငြင်းပယ်မှု ဦးစားပေး အချက်ပြတစ်ခုကို သင့်အီးမေးလ် လိပ်စာကဲ့သို့ အခြား ကိုယ်ရေးအချက်အလက်များနှင့် ကျွန်ုပ်တို့ အလွယ်တကူ ဆက်စပ်၍မရနိုင်ကြောင်း သတိပြုပေးပါ။ သင့်ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းပေါ်တွင် ရောင်းချခြင်း သို့မဟုတ် မျှဝေခြင်းကိုသာလျှင် သင်ငြင်းပယ်နိုင်မည်ဖြစ်ပြီး သင်အသုံးပြုသည့် ဘရောက်ဇာတစ်ခုစီအတွက် ၎င်းကို ဖွင့်ထားရန် လိုအပ်ပါမည်။ အထက်ဖော်ပြပါ အွန်လိုင်းကြော်ငြာ အလေ့အထများထက် ကျော်လွန်၍ သင်၏ငြင်းပယ်ခွင့် တောင်းဆိုမှုကို တိုးချဲ့လိုပါက အထက်ဖော်ပြပါ "သင့်အခွင့်အရေးများကို အသုံးချခြင်း" အား ကိုးကားပါ။

## ဥရောပ စီးပွားရေးဒေသ (EEA)၊ ယူနိုက်တက်ကင်းဒမ်းနှင့် ဆွစ်ဇာလန်

ဥရောပ စီးပွားရေးဒေသ (EEA)၊ ယူနိုက်တက်ကင်းဒမ်းနှင့် ဆွစ်ဇာလန်တို့တွင် နေထိုင်သူများဆိုလျှင် အောက်ပါ ထပ်ဆောင်းပြဋ္ဌာန်းချက်များသည် သင်နှင့် သက်ဆိုင်ပါသည်။

**ထိန်းချုပ်သူ-** သင့်ကိုယ်ရေးအချက်အလက်များကို ထိန်းချုပ်သူမှာ- WD-40 Company Limited ဖြစ်သည်

**ထုတ်ဖော်ပြောဆိုခြင်းနှင့် နယ်စပ်ဖြတ်ကျော် လွှဲပြောင်းခြင်း-** ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်တွင် ဖော်ပြထားသည့်အတိုင်း အဖွဲ့ဝင်များနှင့် ပြင်ပအဖွဲ့အစည်းများထံ မျှဝေထားသည့် ကိုယ်ရေးအချက်အလက်ကို GDPR သို့မဟုတ် UK GDPR အောက်တွင် လိုအပ်သော အကာအကွယ်များ ပါဝင်သည့် စာချုပ်များနှင့်အညီ သက်ဆိုင်သည့်အတိုင်း လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာအနှံ့ လည်ပတ်ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်၍ သင့်ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့အကြားတွင် မျှဝေရုံသာမက သင်နေထိုင်ရာ နိုင်ငံ၏ ပြင်ပသို့လည်း လွှဲပြောင်းပါမည်။ ဝက်ဘ်ဆိုက်များ သို့မဟုတ် ဝန်ဆောင်မှုများကို အသုံးပြုခြင်းဖြင့် သင့်ကိုယ်ရေးအချက်အလက်များကို သင့်ကိုယ်ပိုင်နေထိုင်ရာပြင်ပရှိ တရားစီရင်ပိုင်ခွင့်နယ်မြေများသို့ လွှဲပြောင်းနိုင်ပြီး ယင်းနယ်မြေများတွင် စီမံဆောင်ရွက်နိုင်ကြောင်းနှင့် အမေရိကန် ပြည်ထောင်စုသို့ဖြစ်စေ၊ အခြားနိုင်ငံများသို့ဖြစ်စေ လွှဲပြောင်းထားသော သင့်ကိုယ်ရေးအချက်အလက်များအပေါ် သက်ရောက်သည့် ဒေတာကာကွယ်ရေး ဥပဒေများ၊ စည်းမျဉ်းများသည် သင်နေထိုင်ရာနိုင်ငံရှိ ဥပဒေများနှင့် မတူညီနိုင်ကြောင်းကို သင်သိရှိနားလည်ရာရောက်ပါသည်။ GDPR၊ UK GDPR နှင့်အညီ ဥရောပ စီးပွားရေးဒေသပြင်ပသို့ လွှဲပြောင်းထားသော ကိုယ်ရေးအချက်အလက်များကို ထိုကဲ့သို့ လွှဲပြောင်းမှုများအတွက် အကာအကွယ်များပေးသည့် ဥရောပကော်မရှင်က လက်ခံကျင့်သုံးသော စံစာချုပ်ဆိုင်ရာ အပိုဒ်ငယ်များပါဝင်သည့် ဒေတာလွှဲပြောင်းမှု သဘောတူညီချက်များ သို့မဟုတ် တရားဝင်အသိအမှတ်ပြုထားသော ထောက်ခံအတည်ပြုချက်များကဲ့သို့ လိုက်နာရမည့် စာချုပ်စာတမ်းများနှင့်အညီ ဆောင်ရွက်ပါသည်။

**သင့်ကိုယ်ရေးအချက်အလက်များနှင့်စပ်လျဉ်းသော သင်၏အခွင့်အရေးများ-** အောက်ပါတို့ကို လုပ်ဆောင်ရန် သင်က ကျွန်ုပ်တို့အား တောင်းဆိုပိုင်ခွင့်ရှိပါသည်-

- သင့်ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့စီမံဆောင်ရွက်နေခြင်းရှိ၊ မရှိ အတည်ပြုပေးစေရန်။
- သင်၏ ကိုယ်ရေးအချက်အလက်အချို့ကို စက်ဖြင့်ဖတ်၍ရသည့် အသုံးများသောပုံစံဖြင့် သင့်အား သို့မဟုတ် သင်ရွေးချယ်ထားသည့် ပြင်ပအဖွဲ့အစည်းတစ်ခုအား ပို့ပိုးပေးစေရန်။
- သင့်ကိုယ်ရေးအချက်အလက် မမှန်ကန်သည့် သို့မဟုတ် မပြည့်စုံသည့်အခါ ၎င်းကို အပ်ဒိတ်လုပ်ပေးစေရန် သို့မဟုတ် ပြင်ဆင်ပေးစေရန်။
- အချို့သော အခြေအနေများတွင် သင့်ကိုယ်ရေးအချက်အလက်များကို ပယ်ဖျက်ပေးစေရန် သို့မဟုတ် ဖျက်ပစ်ပေးစေရန်၊

- ဈေးကွက်ရှာဖွေရေး လုပ်ဆောင်ချက်များအတွက်နှင့် အဆိုပါ ဈေးကွက်ရှာဖွေရေး လုပ်ဆောင်ချက်များ၊ စာရင်းအင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် ပရိုဖိုင်များကို စုစည်းဆန်းစစ်ခြင်း အပါအဝင် အချို့သော အခြေအနေများတွင် သင့်ကိုယ်ရေးအချက်အလက်ကို စီမံဆောင်ရွက်ခြင်းအား ကန့်သတ်ရန် သို့မဟုတ် ရပ်တန့်ရန်။
- သို့မဟုတ် ဥပဒေက ခွင့်ပြုထားသည့် အတိုင်းအတာအထိ ယခင်က ခွင့်ပြုထားသည့် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းရန်။

သင့်ကိုယ်ရေးလုံခြုံမှု အခွင့်အရေးများအနက်မှ တစ်ခုခုကို အသုံးချရန် ဤနေရာကို နှိပ်ပါ သို့မဟုတ် ဖုန်းနံပါတ် **1-877-906-1824** ဖြင့် ကျွန်ုပ်တို့ကို ခေါ်ဆိုပါ။ တောင်းဆိုချက်အားလုံးအတွက် သင့်အမည်၊ အီးမေးလ် လိပ်စာ၊ ဖုန်းနံပါတ်နှင့် စာပို့လိပ်စာတို့ကို ကျွန်ုပ်တို့အား ပေးဆောင်ရမည်။ အထက်ဖော်ပြပါ အချက်အလက်အားလုံးကို ပေးဆောင်ရန် ပျက်ကွက်ပါက ကျွန်ုပ်တို့အနေဖြင့် သင့်တောင်းဆိုချက်ကို ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ သင်ပေးထားသော အချက်အလက်များနှင့် ကျွန်ုပ်တို့စုဆောင်းထားသော အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် သင့်အထောက်အထားကို ကျွန်ုပ်တို့ အတည်ပြုပါမည်။ သင့်ကိုယ်ရေးအချက်အလက်များကို ပြင်ပေးရန် ကျွန်ုပ်တို့အား သင်တောင်းဆိုထားပါက ကျွန်ုပ်တို့သည် အထောက်အထား စာရွက်စာတမ်းများ အပါအဝင် မမှန်ကန်ဟု သင်ယူဆထားသော ကိုယ်ရေးအချက်အလက်များနှင့်ပတ်သက်ပြီး ထပ်ဆောင်း အချက်အလက်များ တောင်းဆိုရန် သင့်အား ဆက်သွယ်နိုင်သည်။ သင့်ကိုယ်စားဆောင်ရွက်ပေးမည့် တရားဝင်ခွင့်ပြုချက်ရ ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ရန်အတွက် သင်သည် စာဖြင့်ရေးသားထားပြီး လက်မှတ်ရေးထိုးထားသော ခွင့်ပြုချက်ကို privacy@wd40.com မှတစ်ဆင့် ကျွန်ုပ်တို့ထံ ပေးပို့ရမည် ပေးထားသော ဆက်သွယ်ရန် အချက်အလက်များကို အသုံးပြု၍ စိုးရိမ်ပူပန်မှုများကို တင်ပြရန် သက်ဆိုင်သူများအား တိုက်တွန်းထားပြီး ကျွန်ုပ်တို့သည် သင့်ကိုယ်ရေးအချက်အလက်များကို အသုံးပြုခြင်း၊ ထုတ်ဖော်ခြင်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို စုံစမ်းစစ်ဆေး၍ ဖြေရှင်းရန် ကြိုးပမ်းပါမည်။

## မက္ကဆီကို

မက္ကဆီကိုတွင် နေထိုင်သူများဆိုလျှင် အောက်ပါ ထပ်ဆောင်းပြဋ္ဌာန်းချက်များသည် သင်နှင့် သက်ဆိုင်ပါသည်။

**ဒေတာ ထိန်းချုပ်သူ-** သင်၏ ဒေတာ ထိန်းချုပ်သူမှာ WD-40 Co. Mexico, S. de R.L. de C.V. ဖြစ်သည်

**သင့်ကိုယ်ရေးဒေတာများကို အသုံးပြုခြင်း-** ကျွန်ုပ်တို့ စုဆောင်းထားသည့် ကိုယ်ရေးဒေတာကို ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်၏ အပိုင်း 1 တွင် ပါရှိသည့် ရည်ရွယ်ချက်များအတွက်သာ သို့မဟုတ် သင်လက်ခံရရှိသည့် အကြောင်းအရာများထဲတွင် ဖော်ပြထားသည့်အတိုင်းသာ အသုံးပြုပါသည်။

**စီမံဆောင်ရွက်ရန် သဘောတူညီချက်-** ပုဂ္ဂလိကအဖွဲ့များက ထိန်းချုပ်ထားသည့် ကိုယ်ရေးဒေတာများအား ကာကွယ်ခြင်းဆိုင်ရာ ဖက်ဒရယ် ဥပဒေအပြင် ၎င်းနှင့်အတူပါရှိသော စည်းမျဉ်းများနှင့်အညီ ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်၏ သင့်အခွင့်အရေးများ အပိုင်းအောက်တွင် သတ်မှတ်ထားသည့်ပုံစံဖြင့် သင့်ကန့်ကွက်ချက်ကို ဖော်ပြခြင်းမရှိပါက ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သင့်ကိုယ်ရေးဒေတာများကို စီမံဆောင်ရွက်ခြင်းအား သင်သဘောတူရာရောက်သည်။ သင်နှင့် ကျွန်ုပ်တို့ကြားရှိ တရားဝင်ဆက်နွယ်ပတ်သက်မှုအရ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို သင့်အား ပံ့ပိုးပေးရန် ငွေရေးကြေးရေးဆိုင်ရာ သို့မဟုတ် ပိုင်ဆိုင်မှု အချက်အလက်များကို ကျွန်ုပ်တို့ စီမံဆောင်ရွက်နိုင်ပါသည်။

**သင့်အခွင့်အရေးများ-** သင်နှင့် ကျွန်ုပ်တို့ကြားရှိ တရားဝင်ဆက်နွယ်ပတ်သက်မှုအရ လိုအပ်သော ရည်ရွယ်ချက်များနှင့်ကွဲပြားသည့် အခြားရည်ရွယ်ချက်များအတွက် သင့်ကိုယ်ရေးအချက်အလက်များကို စီမံဆောင်ရွက်ခြင်းအား ခွင့်မပြုဘဲ ငြင်းပယ်နိုင်ရန်အလို့ငှာ ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်ကို သင်သတိပြုမိစေရန် တင်ပြပြီးနောက် သင့်တွင် ငါး (5) ရက် အချိန်ရှိသည်။ သို့မဟုတ်ပါက အဆိုပါ စီမံဆောင်ရွက်ခြင်းကို သင်သဘောတူသည်ဟု မှတ်ယူပါသည်။ သင့်တွင် ဥပဒေအရ ခွင့်ပြုထားသည့် အတိုင်းအတာအထိ သင့်ကိုယ်ရေးအချက်အလက်များကို ဝင်ရောက်ကြည့်ရှုပိုင်ခွင့်၊ အဆိုပါ အချက်အလက်က မမှန်ကန်သည့် သို့မဟုတ် မပြည့်စုံသည့်အခါ ၎င်းကို ပြင်ဆင်ပိုင်ခွင့်၊ သင့်ကိုယ်ရေးအချက်အလက်များကို ပယ်ဖျက်ပိုင်ခွင့် သို့မဟုတ် ဖျက်ပစ်ပိုင်ခွင့်၊ သီးခြားရည်ရွယ်ချက်အတွက် သင့်အချက်အလက်များ အသုံးပြုခြင်းကို ကန့်ကွက်ပိုင်ခွင့် သို့မဟုတ် ယခင်က ပေးအပ်ထားသော သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းပိုင်ခွင့်တို့လည်း ရှိသည်။ အချို့သော ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့အသုံးပြုနိုင်မှုအား သင်ပယ်ဖျက် သို့မဟုတ် ပြန်လည်ရုပ်သိမ်းလိုက်ပါက ကျွန်ုပ်တို့သည် သင့်အား အချို့သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်မည် မဟုတ်ပါ။

အထက်ဖော်ပြပါ အခွင့်အရေးများအနက် တစ်ခုခုကို အသုံးချရန် privacy@wd40.com ဖြင့် ကျွန်ုပ်တို့ထံ အီးမေးလ်ပို့ပါ။ အီးမေးလ်တွင် (a) သင့်အမည် အပြည့်အစုံ၊ (b) သင်၏ စာပို့ရန်လိပ်စာ၊ အီးမေးလ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်တို့ အပါအဝင် သင်၏ ဆက်သွယ်ရန် အချက်အလက်များ၊ (c) သင်ကျင့်သုံးလိုသည့် အခွင့်အရေး၊ (d) သင့်အထောက်အထားသက်သေ သို့မဟုတ် သင့်တရားဝင်ကိုယ်စားလှယ်၏ သက်သေခံချက်နှင့် (e) သင့်ကိုယ်ရေးဒေတာများကို ရှာဖွေရာတွင် ကျွန်ုပ်တို့အား ကူညီပေးမည့် အခြား အချက်အလက်များ၊ အကြောင်းအရာ သို့မဟုတ် စာရွက်စာတမ်းတို့ကို ထည့်သွင်းရမည်။

သင့်တောင်းဆိုချက်ကို လက်ခံရရှိ၍ သင်၏အထောက်အထားကို စစ်ဆေးအတည်ပြုပြီးနောက် ရက်ပေါင်း နှစ်ဆယ် (20) အတွင်း သို့မဟုတ် ဥပဒေအရ ခွင့်ပြုထားသည့် ပိုကြာရှည်သော ကာလတစ်ခုခုအတွင်း သင့်တောင်းဆိုချက်ကို ကျွန်ုပ်တို့ အကြောင်းပြန်ပါမည်။ ကျွန်ုပ်တို့သည် (i) သင့်အီးမေးလ် တောင်းဆိုချက်တွင်

ဖော်ပြထားသည့် သင့်အချက်အလက်များဖြင့် သင်၏အထောက်အထားကို စစ်ဆေးအတည်ပြုနိုင်ခြင်း မရှိပါက သင့်ထံမှ ထပ်ဆောင်း အချက်အလက်များကို တောင်းဆိုရန်၊ (ii) သင့်တောင်းဆိုချက်အတွက် အကြောင်းပြန်စာ လက်ခံရရှိမည့် အချိန်ကာလကို သင့်အား အသိပေးရန်၊ (iii) သင့်လျှောက်လွှာ ပေးပို့ရန် သင်အသုံးပြုနိုင်သည့် ပုံစံများအပါအဝင် သင့်တောင်းဆိုချက်ကို မည်သို့ ပေးပို့ရမည်နှင့်ပတ်သက်ပြီး လမ်းညွှန်ချက်များ ပေးရန် (သက်ဆိုင်လျှင်) နှင့် (iv) သင်တောင်းဆိုထားသော အချက်အလက်များကို သင့်ထံ ကျွန်ုပ်တို့ ပို့ပေးမည့်နည်းလမ်း (ပုံမှန်အားဖြင့် စာရွက်စာတမ်းများ သို့မဟုတ် အချက်အလက်များ၏ မိတ္တူများဖြစ်မည်) ကို သင့်အား အသိပေးရန်အတွက် ဆက်သွယ်နိုင်ပါသည်။

**ဒေတာ လွှဲပြောင်းမှုများ-** ကျွန်ုပ်တို့သည် သင့်ကိုယ်ရေးဒေတာများကို ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်၏ အပိုင်း 3 တွင် ဖော်ပြထားသည့်အတိုင်း လွှဲပြောင်းနိုင်သည်။ ယင်းကဲ့သို့ လွှဲပြောင်းမှုသည် သင့်အား ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်လိုအပ်သော ပြင်ပအဖွဲ့အစည်းများ၊ ကျွန်ုပ်တို့၏ အဖွဲ့ဝင်များ သို့မဟုတ် သင်နှင့် ကျွန်ုပ်တို့၏ တရားဝင်ဆက်နွှယ်ပတ်သက်မှုအရ သို့မဟုတ် ကျွန်ုပ်တို့၏ တရားဝင်အခွင့်အရေးများကို ကာကွယ်ရန်အတွက် လိုအပ်သော ပြင်ပအဖွဲ့အစည်းများထံသို့ လွှဲပြောင်းခြင်းဖြစ်သည်။ ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်တွင် ခွဲခြားသတ်မှတ်၍ ဖော်ပြထားသည့် ရည်ရွယ်ချက်များအတွက် မဟုတ်ပါက ယင်းကဲ့သို့ လွှဲပြောင်းမှုကို လိုအပ်သည့်အခါ သင့်သဘောတူညီချက်ကို ကျွန်ုပ်တို့ ရယူပါမည်။

## သြစတြေးလျ

**'ကိုယ်ရေးအချက်အလက်များ'** ကို *1988 ခုနှစ် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ* (Cth) (ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ) တွင် သတ်မှတ်ထားသည့်အတိုင်း 'ကိုယ်ရေးအချက်အလက်များ' ဟု အဓိပ္ပာယ်ကောက်ယူရမည်။

**ထိခိုက်လွယ်သော အချက်အလက်များ။** ကျွန်ုပ်တို့သည် (ဤမူဝါဒ၏ အပိုင်း 1 တွင် သတ်မှတ်ထားသည့်အတိုင်း) သင်၏ 'ကျန်းမာရေး သို့မဟုတ် ဆေးဘက်ဆိုင်ရာ အခြေအနေ' နှင့်ဆက်စပ်သည့် ကိုယ်ရေးအချက်အလက်များကို သင့်သဘောတူညီချက်ဖြင့်သာ စုဆောင်းပါမည်။

**ဈေးကွက်ရှာဖွေရေး၊ ကမ်းလှမ်းချက်များ၊ ပရိုမိုးရှင်းများ၊ ကြော်ငြာမိတ်ဖက်များ။** ကျွန်ုပ်တို့သည် (ဤမူဝါဒ၏ အပိုင်း 2 တွင် သတ်မှတ်ထားသည့်အတိုင်း) ဈေးကွက်ရှာဖွေရေးနှင့် ကမ်းလှမ်းချက်များအပြင် ပရိုမိုးရှင်းများကို သင့်သဘောတူညီချက်ဖြင့်သာ သင့်အား ပံ့ပိုးပေးပါမည်။ ကျွန်ုပ်တို့ထံမှ ဈေးကွက်ရှာဖွေရေး အကြောင်းအရာများကို လက်ခံရရှိရန် သင်သဘောတူထားမှသာ ကျွန်ုပ်တို့သည် ဈေးကွက်ရှာဖွေရာတွင် ကျွန်ုပ်တို့အား ကူညီပေးသည့် ကြော်ငြာမိတ်ဖက်များ (ဤမူဝါဒ၏ အပိုင်း 2 တွင် သတ်မှတ်ထားသည့်အတိုင်း) ထံသို့ သင့်ကိုယ်ရေးအချက်အလက်များကို ပေးအပ်ပါမည်။

**ပစ်မှတ်ထားသည့် ကြားခံပြင်ပ ခွဲခြမ်းစိတ်ဖြာမှုများနှင့် ကြော်ငြာခြင်း-** အကယ်၍ သင်သည် (ဤမူဝါဒ၏ အပိုင်း 6 တွင် သတ်မှတ်ထားသည့်အတိုင်း) ပစ်မှတ်ထားကြော်ငြာသည့်ပုံစံဖြင့် တိုက်ရိုက်စျေးကွက်ရှာဖွေရေး အကြောင်းအရာများကို လက်ခံခြင်းအား ငြင်းပယ်လိုပါက သင့်လူမှုကွန်ရက်အကောင့်တွင်ဖြစ်စေ၊ သင့်ဘရောက်ဇာတွင်ဖြစ်စေ၊ သင့်အွန်လိုင်း ရွေးချယ်မှုများ- https://www.youronlinechoices.com/ie/your-ad-choices သို့ သွား၍ဖြစ်စေ ကြော်ငြာဆက်တင်များကို ပြောင်းရန် လိုအပ်နိုင်ပါသည်။

**သင်နှင့်ပတ်သက်သည့် အချက်အလက်များကို ဝင်ရောက်ကြည့်ရှုခြင်းနှင့် ပြင်ဆင်ခြင်း။** ကျွန်ုပ်တို့ထိန်းသိမ်းထားသည့် သင်နှင့်ပတ်သက်သော ကိုယ်ရေးအချက်အလက်များကို သင့်အနေဖြင့် ဝင်ရောက်ကြည့်ရှုခွင့်ရှိပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်ပေးရန် ကျွန်ုပ်တို့ကို တောင်းဆိုနိုင်ပါသည်။ မမှန်ကန်သော၊ မပြည့်စုံသော၊ မသက်ဆိုင်သော သို့မဟုတ် အထင်မြင်မှားစေသော သင်နှင့်ပတ်သက်သည့် အချက်အလက်များကို ကျွန်ုပ်တို့ ထိန်းသိမ်းထားသည်ဟု သင်ယုံကြည်ပါက ၎င်းကို ပြင်ဆင်ပေးရန် ကျွန်ုပ်တို့အား တောင်းဆိုနိုင်သည်။ သင့်ကိုယ်ရေးအချက်အလက်များကို ရယူလိုပါက သို့မဟုတ် ၎င်းကို အပ်ဒိတ်လုပ်ပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန် ကျွန်ုပ်တို့ကို တောင်းဆိုလိုပါက ကျွန်ုပ်တို့ထံ စာဖြင့် ဆက်သွယ်ပြီး သင်၏အထောက်အထားကို အတည်ပြုခြင်းဖြင့် ထိုသို့ လုပ်ဆောင်နိုင်ပါသည်။ သင့်တောင်းဆိုချက်ကို ရက်ပေါင်း 30 အတွင်း အကြောင်းပြန်ရန် ကျွန်ုပ်တို့ အစွမ်းကုန် ကြိုးစားပါမည်။ ခြွင်းချက်အဖြစ်သတ်မှတ်ထားသော အခြေအနေများတွင်သာ ဝင်ရောက်ကြည့်ရှုခွင့်ကို ကျွန်ုပ်တို့ ငြင်းပယ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်းများကို သင့်အား အသိပေးပါမည်။

**အကာအကွယ်များ။** သင့်ကိုယ်ရေးအချက်အလက်များကို ဩစတြေးလျ ပြင်ပသို့ လွှဲပြောင်းပေးသည့်အခါတိုင်း ကျွန်ုပ်တို့သည်-

- ယေဘုယျအားဖြင့် ကိုယ်ရေးအချက်အလက်များကို ပြင်ပမှလက်ခံသူသည် အနည်းဆုံးအနေဖြင့် ကိုယ်ရေးလုံခြုံမှု အက်ဥပဒေ၏ အစီအစဉ် 1 ရှိ ဩစတြေးလျ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အခြေခံမူများနှင့်အညီ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပေးသည့်နည်းလမ်းအတိုင်း အဓိကအားဖြင့် ဆင်တူသည့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေး ဥပဒေများ သို့မဟုတ် လိုက်နာရမည့်စည်းမျဉ်းများရှိပြီး အဆိုပါဥပဒေများ သို့မဟုတ် လိုက်နာရမည့်စည်းမျဉ်းများကို သက်ရောက်ပြဋ္ဌာန်းနိုင်စေရန် နည်းလမ်းများကို သင့်အတွက် ရရှိနိုင်သည့် နယ်မြေတွင် တည်ရှိရမည်နှင့်/သို့မဟုတ်
- နိုင်ငံခြားမှ လက်ခံရရှိသူသည် ဩစတြေးလျ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အခြေခံမူများကို မချိုးဖောက်ကြောင်း သေချာစေရန် ကျိုးကြောင်းဆီလျော်သော အဆင့်များကို လုပ်ဆောင်ပါမည်။

**ကိုယ်ရေးလုံခြုံမှုဆိုင်ရာ တိုင်ကြားချက်များ။** ဩစတြေးလျ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အခြေခံမူများကို ကျွန်ုပ်တို့၏လေးစားလိုက်နာခြင်းနှင့်ပတ်သက်၍ဖြစ်စေ၊ သင့်ကိုယ်ရေးအချက်အလက်များကို ဝင်ရောက်ကြည့်ရှုရန် သို့မဟုတ် ပြင်ဆင်ရန် တောင်းဆိုချက်ကို ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်းပုံနှင့် ပတ်သက်၍ဖြစ်စေ သင့်တွင် တိုင်ကြားစရာရှိပါက အထက်ပါ အပိုင်း 11 "ကျွန်ုပ်တို့ကို ဆက်သွယ်ရန်" တွင် ဖော်ပြထားသော အသေးစိတ်အချက်များကို အသုံးပြု၍ ဆက်သွယ်နိုင်ပါသည်။ သင့်တိုင်ကြားချက်ကို ကျိုးကြောင်းဆီလျော်သော အချိန်တစ်ခုအတွင်း (ပုံမှန်အားဖြင့် ရက်ပေါင်း 30 အတွင်း) အကြောင်းပြန်ရန် သင့်တော်သော အားထုတ်ကြိုးပမ်းမှုများကို ကျွန်ုပ်တို့ အသုံးပြုပါမည်။ သင်၏ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ စိုးရိမ်စရာများကို သင်စိတ်ကျေနပ်သည်အထိ ကျွန်ုပ်တို့ ဖြေရှင်းပေးနိုင်ခြင်း မရှိပါက ဩစတြေးလျအချက်အလက်ကော်မရှင်ဝင်ရုံးသို့ ၎င်းတို့၏ဝက်ဘ်ဆိုက် **www.oaic.gov.au** မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။

## တရုတ်ပြည်မကြီး

တရုတ်ပြည်မကြီးတွင် နေထိုင်သူများဆိုလျှင် အောက်ပါ ထပ်ဆောင်းပြဋ္ဌာန်းချက်များသည် သင်နှင့် သက်ဆိုင်ပါသည်။

**ကိုယ်ရေးအချက်အလက် စီမံဆောင်ရွက်သူ-** သင့်ကိုယ်ရေးအချက်အလက်များနှင့်စပ်လျဉ်းသော ကိုယ်ရေးအချက်အလက် စီမံဆောင်ရွက်သူမှာ- **Wu Di (Shanghai) Industrial Co., Ltd.** ဖြစ်သည်

### ကိုယ်ရေးအချက်အလက်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်း

တရားဥပဒေနှင့်ညီညွတ်မှု၊ တရားဝင်ဖြစ်မှု၊ လိုအပ်မှုနှင့် ဖြောင့်မတ်မှန်ကန်မှု အခြေခံမူများနှင့်အညီ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို သင်အသုံးပြုရာမှ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များသို့ သင်ဝင်ကြည့်ရာမှ ထွက်ပေါ်လာသော အချက်အလက်များ၊ သင့်ဘက်က ပံ့ပိုးပေးထားသော အချက်အလက်များအပြင် PRC ကိုယ်ရေးအချက်အလက် ကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာ ဥပဒေများနှင့် အုပ်ချုပ်ရေးစည်းမျဉ်းများ သို့မဟုတ် သင့်သဘောတူညီချက်အရ ပြင်ပအဖွဲ့အစည်းများထံမှ တရားဝင်စုဆောင်းထားသော ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ စုဆောင်းပါမည်။

ကိုယ်ရေးလုံခြုံမှု ကြေညာချက်တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များအတွက် လိုအပ်သော အတိုင်းအတာအထိသာ ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ စုဆောင်းပြီး အသုံးပြုနိုင်ပါသည်။ သင်၏ ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များကို စီမံဆောင်ရွက်ရန်အတွက် သင်၏ သီးခြားသဘောတူညီချက်ကို ကျွန်ုပ်တို့ ရယူမည်ဖြစ်ပြီး သင်၏ ထိခိုက်လွယ်သော

ကိုယ်ရေးအချက်အလက်များကို စီမံဆောင်ရွက်သည့်အခါ တင်းကျပ်သော လုံခြုံရေး အစီအမံများကို လက်ခံကျင့်သုံးပါမည်။

ဥပဒေများနှင့် အုပ်ချုပ်ရေး စည်းမျဉ်းများက တစ်နည်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိလျှင် ကျွန်ုပ်တို့သည် စီမံဆောင်ရွက်သည့် ရည်ရွယ်ချက်များ အောင်မြင်စေရန် လိုအပ်သည့် အတိုတောင်းဆုံး အချိန်ကာလအထိသာ သင့်ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းပါမည်။

**စီမံဆောင်ရွက်ခြင်းအတွက် တရားဝင် အခြေခံအချက်များ**

သင့်ကိုယ်ရေးအချက်အလက်များကို စီမံဆောင်ရွက်ရန် အောက်ပါ တရားဝင် အခြေခံအချက်များအနက်မှ အနည်းဆုံး တစ်ခုကို ကျွန်ုပ်တို့ အမှီပြုပါသည်-

- သင့်ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ စီမံဆောင်ရွက်ခြင်းအား သင်သဘောတူထားခြင်း။
- သင်နှင့်ချုပ်ဆိုထားသော စာချုပ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံဆောင်ရွက်မှုကို လိုအပ်ခြင်း။
- ကျွန်ုပ်တို့၏ ဥပဒေကြောင်းအရ တာဝန်များကို ကျေပွန်အောင် ဖြည့်ဆည်းဆောင်ရွက်ရန် စီမံဆောင်ရွက်မှုကို လိုအပ်ခြင်း။
- ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် အရေးပေါ်အခြေအနေများတွင် အသက်၊ ကျန်းမာရေးနှင့် အိုးအိမ်စည်းစိမ်များ အန္တရာယ်ကင်းရှင်းအောင် ကာကွယ်ရန် စီမံဆောင်ရွက်မှုကို လိုအပ်ခြင်း။
- ဥပဒေရေးရာ ပြဋ္ဌာန်းချက်များနှင့်အညီ သင်ထုတ်ဖော်ထားသော သို့မဟုတ် တရားဝင် လူသိရှင်ကြား ထုတ်ပြန်ထားသော သင့်ကိုယ်ရေးအချက်အလက်များကို ကျိုးကြောင်းဆီလျော်သော အတိုင်းအတာအတွင်း စီမံဆောင်ရွက်သွားပါမည် သို့မဟုတ် ဥပဒေများနှင့် အုပ်ချုပ်ရေး စည်းမျဉ်းများက သတ်မှတ်ထားသည့်အတိုင်း အခြားသော အခြေအနေများ။

**မျှဝေခြင်း၊ လူသိရှင်ကြား ထုတ်ဖော်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် လွှဲပြောင်းခြင်း**

ကိုယ်ရေးလုံခြုံမှု ကြေညာချက်တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များအတွက် ကျွန်ုပ်တို့သည် သင့်ကိုယ်ရေးအချက်အလက်များကို အောက်ပါ အဖွဲ့ဝင်များအပြင် သင့်ကိုယ်ရေးအချက်အလက်များကို စီမံဆောင်ရွက်ရာတွင် ကိုယ်ပိုင်ရည်ရွယ်ချက်များနှင့် နည်းလမ်းများရှိသော ပြင်ပအဖွဲ့အစည်းများထံ မျှဝေနိုင်ပါသည်-

| လက်ခံရရှိသူများ(တရားဝင် အမည်အပြည့်အစုံ) | ဆက်သွယ်ရန် အချက်အလက်များ | မျှဝေထားသော ကိုယ်ရေးအချက်အလက် အမျိုးအစားများ | လက်ခံရရှိသူ၏ စီမံဆောင်ရွက်ခြင်း ရည်ရွယ်ချက်နှင့် နည်းလမ်းများ |
|---|---|---|---|
| 上海光潾网络科技有限公司 | 阎 阳 -134-7877-2472 | အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် # | ကျွန်ုပ်တို့၏ SCRM စနစ် ဝန်ဆောင်မှုပေးသူသည် အမျိုးမျိုးသော ဈေးကွက်ရှာဖွေရေး ကမ်ပိန်းများမှ စုဆောင်းထားသော ကျွန်ုပ်တို့၏ ဖောက်သည်ဖြစ်နိုင်ခြေရှိသူ အဆက်အသွယ်များကို ဝင်ရောက်ကြည့်ရှုခွင့် ရှိသည် |
| 上海纳魄信息服务有限公司 | Siwen Luo-180-5927-8773 | အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် # | ကျွန်ုပ်တို့၏ Baidu SEO/SEM ဝန်ဆောင်မှုပေးသူသည် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များရှိ ကျွန်ုပ်တို့၏ ဖောက်သည်ဖြစ်နိုင်ခြေရှိသူ အဆက်အသွယ်များကို ဝင်ရောက်ကြည့်ရှုခွင့် ရှိသည် |
| 上海月盈广告有限公司 | Sixuan Lv-137-6442-7420 | အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် # | ကျွန်ုပ်တို့၏ WeChat ဝန်ဆောင်မှုပေးသူသည် အသုံးပြုသူ တိုင်ကြားချက်နှင့် လက်ဆောင် ပေးပို့ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ကျွန်ုပ်တို့ အသုံးပြုသူ၏ ဆက်သွယ်ရန် |

| | | | |
|---|---|---|---|
| | | | အချက်အလက်အချို့ကို ဝင်ရောက်ကြည့်ရှုခွင့် ရှိသည် |
| 上海八和广告有限公司 | Chengzhen Li- 021-52950556 | အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် # | ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် ဝန်ဆောင်မှုပေးသူသည် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များရှိ ကျွန်ုပ်တို့၏ ဖောက်သည်ဖြစ်နိုင်ခြေရှိသူ အဆက်အသွယ်များကို ဝင်ရောက်ကြည့်ရှုခွင့် ရှိသည် |
| 上海注解有加文化传播有限公司 | Dongli Lu- 131-2750-9389 | အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် # | ကျွန်ုပ်တို့၏ မီဒီယာ အေဂျင်စီသည် နမူနာယူရန်အတွက် ကျွန်ုပ်တို့၏ Key Opinion ခေါင်းဆောင်နှင့် Key Opinion သုံးစွဲသူ၏ ဆက်သွယ်ရန် အချက်အလက်ကို ဝင်ရောက်ကြည့်ရှုခွင့် ရှိသည် |
| 长沙春朝冬遇文化传媒有限公司 | Shengjie yang- 131-4682-6763 | အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် # | ကျွန်ုပ်တို့၏ ကြော်ငြာအေဂျင်စီသည် ပစ်မှတ်ထားဈေးကွက်ရှာဖွေခြင်း အတွက် ကျွန်ုပ်တို့၏ ခွင့်ပြုထားသော ဖောက်သည်ဖြစ်နိုင်ခြေရှိသူ အဆက်အသွယ်စာရင်းကို ဝင်ရောက်ကြည့်ရှုခွင့်ရှိသည် |

| | | | |
|---|---|---|---|
| China Construction Bank | Alston Zhong15821887028 | အမည်၊ ID နံပါတ်၊ ဘဏ်အကောင့် | ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အဖွဲ့အစည်းသည် ဝန်ထမ်း ဘဏ်အကောင့် ဖွင့်ရန်နှင့် စရိတ်ပြန်အမ်းမှုများကို စီမံဆောင်ရွက်ရန် ဝန်ထမ်းဒေတာကို ဝင်ရောက်ကြည့်ရှုခွင့် ရှိသည်။ |
| China Merchants Bank | Shi Sheng Qi 021-38834600 | | ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အဖွဲ့အစည်းသည် ဝန်ထမ်း ဘဏ်အကောင့် ဖွင့်ရန်နှင့် စရိတ်ပြန်အမ်းမှုများကို စီမံဆောင်ရွက်ရန် ဝန်ထမ်းဒေတာကို ဝင်ရောက်ကြည့်ရှုခွင့် ရှိသည်။ |
| ဖြန့်ချိသူ (Happy go) | Ao Chen 185 7066 6244 | အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် | ပရိုမိုးရှင်းအတွက် လိုအပ်သည့်အတိုင်း ကမ်ပိန်းများနှင့် ကံစမ်းမဲဖောက်ခြင်း လုပ်ဆောင်ချက်။ |
| China International Intellectech Corporation | ဖုန်းနံပါတ်-0086-21-54594545-2227<br>Ms. Yuan | အမည်၊ ဆက်သွယ်ရန်အချက်အလက်၊ လိပ်စာ၊ ID၊ ပညာရေး | အလုပ်အကိုင် |

| | | | |
|---|---|---|---|
| Ping An Pension Insurance Co., Ltd. Shanghai Branch | ဖုန်းနံပါတ်- 021-62487262<br><br>Ms. Hu | အမည်၊<br>ဆက်သွယ်ရန်အချက်အလက်၊ ID၊ ကလေး ID | ဆေးဘက်ဆိုင်ရာ အာမခံ |
| Shanghai Homsom Travel (Group) Co., Ltd. | ဖုန်းနံပါတ်- 021-64475082<br><br>Ms. He | အမည်၊<br>ဆက်သွယ်ရန်အချက်အလက်၊ ID၊ | ခရီးသွား ဘွတ်ကင် |

ယေဘုယျအားဖြင့် ကျွန်ုပ်တို့သည် သင့်ကိုယ်ရေးအချက်အလက်များကို ပြင်ပသို့ လွှဲပြောင်းမည် မဟုတ်ပါ။ ကုမ္ပဏီပေါင်းစည်းခြင်း၊ ကုမ္ပဏီခွဲခြင်း၊ စာရင်းရှင်းဖျက်သိမ်းခြင်း၊ ဒေဝါလီခံခြင်း စသည်တို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်ရေးအချက်အလက်များကို လွှဲပြောင်းရန် လိုအပ်ပါက လက်ခံရရှိသူ၏ အမည်နှင့် ဆက်သွယ်ရန် အချက်အလက်များကို သင့်အား အသိပေးမည်ဖြစ်ပြီး တစ်ချိန်တည်းတွင် အဆိုပါ လက်ခံရရှိသူသည် ဤကိုယ်ရေးလုံခြုံမှု ကြေညာချက်အား ဆက်လက်လိုက်နာစေ၍ သက်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တာဝန်များကို လက်ခံတာဝန်ယူစေပါမည်။ လက်ခံရရှိသူသည် မူလ စီမံဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် နည်းလမ်းကို ပြောင်းလိုက်ပါက ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ သင့်သဘောတူညီချက်ကို ထပ်မံရယူပါမည်။

သင်၏ တရားဝင်သဘောတူညီချက်ကို ရရှိထားသည့်အခါမှလွဲ၍ ကျွန်ုပ်တို့သည် သင့်ကိုယ်ရေးအချက်အလက်များကို လူသိရှင်ကြား ထုတ်ဖော်မည် မဟုတ်ပါ။

**ကလေးများ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပေးခြင်း**

ယေဘုယျအားဖြင့် ကျွန်ုပ်တို့သည် အသက် 14 နှစ်အောက် အရွယ်မရောက်သေးသူများ (ကလေးများကို ဆိုလိုသည်) ၏ ကိုယ်ရေးအချက်အလက်များကို စီမံဆောင်ရွက်မည် မဟုတ်ပါ။ မိဘများ သို့မဟုတ် အခြားအုပ်ထိန်းသူများ၏ ကြိုတင်သဘောတူညီချက်မရှိဘဲ ကလေးများ၏ ကိုယ်ရေးအချက်အလက်များကို စုဆောင်းထားကြောင်း ကျွန်ုပ်တို့ သတိပြုမိပါက အဆိုပါ ကလေးများ၏ ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့၏မှတ်တမ်းဖိုင်များမှ ဖယ်ရှားပစ်ပါမည်။

**သင်၏ အခွင့်အရေးများ**

ကုမ္ပဏီအား သင်ပေးအပ်ထားသည့် ကိုယ်ရေးအချက်အလက်များနှင့် ပတ်သက်ပြီး သင့်တွင် သီးခြား တရားဝင် အခွင့်အရေးများရှိပြီး ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည်-

- သင့်ကိုယ်ရေးအချက်အလက်များ စီမံဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး သိရှိပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်။
- သင့်ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့၏ စီမံဆောင်ရွက်ခြင်းအပေါ် ကန့်သတ်ပိုင်ခွင့် သို့မဟုတ် ငြင်းပယ်ပိုင်ခွင့်။
- သင့်ကိုယ်ရေးအချက်အလက်များကို ကြည့်ရှုခွင့်နှင့် မိတ္တူကူးပိုင်ခွင့်၊
- သင့်ကိုယ်ရေးအချက်အလက်များ မမှန်ကန်ကြောင်း သို့မဟုတ် မပြည့်စုံကြောင်းကို တွေ့ရှိပါက သင့်ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်ပေးရန် သို့မဟုတ် ဖြည့်စွက်ပေးရန် ကျွန်ုပ်တို့အား တောင်းဆိုပိုင်ခွင့်။
- သင့်သဘောတူညီချက်ဖြင့် ကိုယ်ရေးအချက်အလက်များအား စီမံဆောင်ရွက်ရာတွင် အဆိုပါ သင်၏သဘောတူညီချက်ကို ရုပ်သိမ်းပိုင်ခွင့် (သို့သော် သင်၏ သဘောတူညီချက်ကို ရုပ်သိမ်းခြင်းသည် မရုပ်သိမ်းမီက သင်၏ သဘောတူညီချက်ပေါ် အခြေခံ၍ ဆောင်ရွက်ထားပြီးဖြစ်သည့် ကိုယ်ရေးအချက်အလက်များ စီမံဆောင်ရွက်ခြင်း၏ တရားဝင်မှုကို မထိခိုက်ကြောင်း မှတ်သားထားပါ)။။
- သင်၏ ခန့်အပ်ထားသော ပြင်ပအဖွဲ့အစည်းသို့ ကိုယ်ရေးအချက်အလက်များကို လွှဲပြောင်းပေးရန် တောင်းဆိုပိုင်ခွင့်နှင့်
- သင့်ကိုယ်ရေးအချက်အလက်များကို သီးခြားအခြေအနေများတွင် ဖျက်ပစ်ပိုင်ခွင့်။

အထက်ဖော်ပြပါ သင်၏ အခွင့်အရေးများကို အသုံးချလိုပါက privacy@wd40.com ဖြင့် ကျွန်ုပ်တို့ထံ အီးမေးလ်ပို့ပါ။ အထက်ဖော်ပြပါ အခွင့်အရေးများတွင် သက်ဆိုင်ရာ တရုတ်နိုင်ငံဥပဒေများအရ ကန့်သတ်ချက်များနှင့် ခြွင်းချက်များရှိနိုင်ကြောင်း သတိပြုပါ။ ကျွန်ုပ်တို့သည် ကျိုးကြောင်းဆီလျော်စွာ လက်တွေ့ဆောင်ရွက်နိုင်သည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာ တရုတ်နိုင်ငံဥပဒေများနှင့်အညီ သင့်တောင်းဆိုချက်(များ)ကို တုံ့ပြန်လိုက်လျောပါမည်။ သင့်ကိုယ်ရေးအချက်အလက်များ၏ လုံခြုံရေးကို ကာကွယ်ရန်အလို့ငှာ သင်၏ ကိုယ်ရေးအချက်အလက်ဆိုင်ရာ အခွင့်အရေးများအတွက် တောင်းဆိုချက်ကို မတုံ့ပြန်မီ သင်သည် စာဖြင့်ရေးသားထားသော တောင်းဆိုချက်ကို ပေးရန်၊ သို့မဟုတ်လျှင် သင့်အထောက်အထားကို အခြားတစ်နည်းနည်းဖြင့် သက်သေပြရန် လိုအပ်ပြီး ကျွန်ုပ်တို့သည် သင့်တောင်းဆိုချက်ကို စီမံဆောင်ရွက်ခြင်းမပြုမီ သင့်အထောက်အထားကို အတည်ပြုပိုင်ခွင့်ရှိသည်။ သင့်တွင် မဖြေရှင်းရသေးသော စိုးရိမ်မှုများရှိပါက သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့အစည်းများထံ တိုင်ကြားပိုင်ခွင့် သို့မဟုတ် ကျိုးကြောင်းဆီလျော်သည့်အခါ သက်ဆိုင်ရာ တရုတ်နိုင်ငံဥပဒေများနှင့်အညီ တရားစွဲဆိုမှုတစ်ခုကို တရားရုံးသို့ တင်သွင်းခွင့်ရှိသည်။